ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ အင်္ဂါနေ့ (31-3-2009) (၅၉၉၉)

ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

၂၀၀၈ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဆုချီးမြှင့်

ရန်ကုန် မတ် ၃၀

၂၀၀၈ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ နာယက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၈ ခုနှစ် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဒေါက်တာကျော်စိန်(ဒေါက်တာကျော်စိန်)၊ ကဗျာပေါင်းချုပ်ဆုတွင် 'တေးသီငှက်၏ ပန်းပေါင်းတစ်ရာ ကဗျာစု' စာအုပ်ဖြင့် ပထမဆုရ အောင်သာဆန်း(သံတွဲ)၊ 'အမေ့ရွာနှင့် အခြားကဗျာများ' စာအုပ်ဖြင့် ဒုတိယဆုရ မောင်စောထွန်း (ကျောင်းကုန်း)၊ 'ရေချမ်းတစ်ခွက် ပန်းတစ်ခက်'စာအုပ်ဖြင့် တတိယဆုရ အဖျောက်မြေမောင်ဆွေမွန်၊ ဝတ္ထုရှည်ဆုတွင် 'ငယ်သော်လှသည်' စာအုပ်ဖြင့် ဒုတိယဆုရ မင်းဇေယျနှင့် 'ပလတ်စတစ်ထဲက ကြယ်တစ်ပွင့်' စာအုပ်ဖြင့် တတိယဆုရ ပိုင့်(လှိုင်းသစ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဝတ္ထုတိုပေါင်းချုပ်ဆုတွင် 'တံငါအသည်းမာရဲ့သလားဟေ့နှင့် အခြားဝတ္ထုတိုများ'စာအုပ်ဖြင့် ပထမဆုရ မောင်ခြိမ့်၊ 'ဘိုးဘွားအမွေ ချစ်တတ်စေနှင့် အခြားဝတ္ထုတိုများ'စာအုပ်ဖြင့် ဒုတိယဆုရ နန္ဒာခင်(သက္ကလမြေ)နှင့် 'မြေသင်းပျံ့ပျံ့ မိုးရနံ့ဝတ္ထုတိုများ'စာအုပ်ဖြင့် တတိယဆုရ နေမျိုးသန့်၊ ကျမ်းစာပေဆုတွင် 'ဖြတ်သန်းခဲ့ရသမိုင်းစဉ်ဆောင်ကြဉ်းခဲ့ရတာဝန်များ' စာအုပ်ဖြင့် ဒုတိယဆုရ ဇင်မင်း(သမိန်ထော)နှင့် 'မြန်မာ့ရုပ်ရှင်ခေတ်ဦး ဒါရိုက်တာ(၁၅)ဦးတို့၏ ရုပ်ပုံလွှာများ' စာအုပ်ဖြင့် တတိယဆုရ ကေမြူးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရ 'ခေါင်းဆောင်၊ ခေါင်းဆောင်မှုနှင့် ကမ္ဘာ့အမြင်'စာအုပ်ကိုရေးသားသူ နေဇင်လတ်၊ 'လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်း'စာအုပ်ကို ရေးသားသူ ကျော်ကျော်ဝင်း(မဟာဝိဇ္ဇာ)၊ 'ဂီတကြငှန်းပျော်များ'စာအုပ်ကို ရေးသားသူ မော်ဝန်းကြည်မြတ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုရရှိသော ဒေါက်တာကျော်စိန်(ဒေါက်တာကျော်စိန်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မျိုး ဗီ ဇ အင် ဂျင် နီ ယာ အင် တာ နက် သ တင်း | ဘာသာပြန်-ရောမောင်

အပင်၏ မျိုးဗီဇပြောင်းလဲကာ ဆေးဝါးသစ်များထုတ်လုပ်နိုင်

လန်ဒန် မတ် ၃၀

မျိုးဗီဇအရ ပြုပြင်ပြောင်းလဲထားသော အပင်များကိုအသုံးပြု၍ ဆေးဝါးသစ်များ ထုတ်လုပ်နိုင်ရန် နိုင်ငံတကာမှ သိပ္ပံပညာရှင်များ ကြိုးပမ်းလျက်ရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့နိုင်ငံများရှိ ဇီဝနည်းပညာကုမ္ပဏီများမှ သိပ္ပံပညာရှင်များသည် အပင်များ၏ သဘာဝဓာတုဗေဒ ဖွဲ့စည်းပုံများကို လေ့လာလျက်ရှိကြပြီး အပင်များ၏ မျိုးဗီဇဖွဲ့စည်းပုံကိုပြုပြင်ပြောင်းလဲကာ ဆေးဝါးသစ်များ ဖော်ထုတ်ရန် သုတေသနပြုလျက်ရှိကြသည်။

မျိုးဗီဇပြောင်းလဲထားသော အပင်များ၏ပရိုတိန်းကိုအသုံးပြုကာ ဆေးဝါးသစ်များထုတ်လုပ်ရန် ဗြိတိန်နိုင်ငံရှိ ဘေယာ ကုမ္ပဏီနှင့် ဆင်းဂျင့်တာကုမ္ပဏီတို့မှ သိပ္ပံပညာရှင်များက သုတေသနပြုလျက်ရှိကြသည်။

ဆေးဝါးသစ်များအတွက် ပရိုတိန်းထုတ်လုပ်ပေးနိုင်သော ဆေးရွက်ကြီးပင်များကို စိုက်ခင်းအတွင်းတွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

မျက်မှောက်ကာလတွင် ပဋိပစ္စည်း ဆေးဝါးများနှင့် ကာကွယ်ဆေးများကို ကလာပ်စည်း မျိုးပွားခြင်းနည်းစနစ်ဖြင့် ထုတ်လုပ်လျက်ရှိသည်။

ဗြိတိန်နိုင်ငံ ဗာရိုနာတက္ကသိုလ်မှ မာရီယိုပက်ဇိုတီ ဦးဆောင်သော သုတေသီများသည် မျိုးဗီဇ ပြုပြင်ပြောင်းလဲထားသော ဆေးရွက်ကြီးပင်မှ ရရှိသည့် ပရိုတိန်းဖြင့် ဆီးချိုရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုဆိုင်ရာ ရောဂါဘယများကို ကုသပေးနိုင်ရန် ဆေးဝါးများ ထုတ်လုပ်ပေးနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။

မျိုးဗီဇပြောင်းလဲထားသော ဆေးရွက်ကြီးပင်မှ Inter Leukin-10 ဟုခေါ်တွင်သော ပရိုတိန်းတစ်မျိုးကို ထုတ်ယူနိုင်ပြီး ဆီးချိုရောဂါ အမျိုးအစား -၁ နှင့် ကိုယ်ခံအားကျဆင်းမှုဆိုင်ရာ ရောဂါများအတွက် ဆေးဝါးများထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။**စာမျက်နှာ ၈ ကော်လံ ၅ သို့** ✻

ရွှေမန်းသူ အမြန်ယာဉ်သစ်များ နေပြည်တော်သို့အသွား/အပြန် ပြေးဆွဲမည်

ရန်ကုန် မတ် ၃၀

ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်သည် တရုတ်နိုင်ငံ China Faw Group Corporation မှ မှာယူတင်သွင်းခဲ့သော အဆင့်မြင့် မှန်လုံ Air Con Sight Seeing Bus ယာဉ်သစ်ကြီးများဖြင့် ဧပြီ ၁ရက်နေ့မှစ၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း နေပြည်တော်သို့ အသွား/အပြန် ပြေးဆွဲမည်ဖြစ်သည်။

ထိုသို့ပြေးဆွဲရာတွင် ရန်ကုန်မှ နေပြည်တော်သို့ သွားရောက်ကြမည့် ရုံးဝန်ထမ်းများ၊ ရုံးကိစ္စဆောင်ရွက်မည့် ပြည်သူများ၊ ကုမ္ပဏီများ အဆင်ပြေစေရန် ရန်ကုန်မြို့ ပါရမီလမ်း ရွှေမန်းသူကားဝင်းမှ ည ၁၀ နာရီခွဲအချိန်တွင်ထွက်ခွာ၍ နေပြည်တော် ဘောဂသီရိ ကားဝင်းသို့ နောက်နေ့နံနက် ၅နာရီရောက်ရှိမည်ဖြစ်သည်။ တစ်ဖန် နေပြည်တော်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖

ကြေးမုံ The Mirror
၃၁-၃-၂၀၀၉
(အင်္ဂါနေ့)

ပေါင်းလောင်းရေလွှဲဆည် တည်ဆောက်ဖွင့်လှစ် စပါးနှင့်သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုး

နိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံလျက်ရှိရာ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ သီးနှံထုတ်လုပ်မှု မြင့်မားရေးအတွက် စိုက်ပျိုးရေရရှိရေး အပါအဝင် လိုအပ်ချက်များကို အားပေးကူညီလျက်ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေ ရရှိနိုင်သည့် ဆည်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည်များကို ရေမြေသဘာဝအခြေအနေပေးသည့် နယ်မြေဒေသတိုင်း၌ တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသည့် ပေါင်းလောင်းရေလွှဲဆည်ကို မတ်လ ၂၅ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ ပေါင်းလောင်းတမံမှ ထုတ်လွှတ်လိုက်သော ရေအားလျှပ်စစ်ထုတ်ပြီး ရေများကို အလေအလွင့်မရှိ သုံးစွဲနိုင်စေရန် ရေလွှဲဆည်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ပေါင်းလောင်းရေလွှဲဆည်ကို ပေါင်းလောင်းတမံ၏ အောက်ဘက်တွင် မြစ်ကိုပိတ်၍ တည်ဆောက်ထားပြီး လက်ဝဲ၊ လက်ယာ တူးမြောင်းများမှတစ်ဆင့် စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ရာ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် ရေတာရှည်မြို့နယ်တို့မှ လယ်မြေဧက သုံးသောင်းခွဲ၌ မိုးစပါး၊ နွေစပါးနှင့် သီးထပ်သီးညှပ်သီးနှံများ စိုက်ပျိုးနိုင်ကြမည် ဖြစ်သည်။

ယခုအခါ ပေါင်းလောင်းရေလွှဲဆည် တည်ဆောက်ပေးနိုင်မှုကြောင့် ဆည်ရေသောက်ကျေးရွာများ၌ မိုးစပါးသာမက နွေစပါး၊ ကြံ၊ ပြောင်း၊ နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲစသည်တို့ကို သီးထပ်သီးညှပ် စိုက်ပျိုးနေကြပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ဆည်တမံ၊ ရေထိန်းတံခါး၊ ရေပေးတူးမြောင်းများကို တိုးချဲ့တည်ဆောက်ပေးထားမှုကြောင့် ရေသွင်း စိုက်ပျိုးနိုင်သည့် ဧရိယာများပြားလာပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုလည်း တိုးတက်လာလျက်ရှိသည်။ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်၍ လူနေမှုအဆင့်အတန်းပါ မြင့်မားလာနေပြီဖြစ်သည်။

ဒေသခံတောင်သူလယ်သမားများအနေဖြင့် ဆည်ရေကို အကျိုးရှိရှိ အသုံးပြုပြီး ရာသီသီးနှံများ၊ သီးထပ်သီးနှံများ ပိုမိုတိုးချဲ့ စိုက်ပျိုးကြရုံမျှမက ရေပေးတူးမြောင်းများ၊ ရေဝေရေလဲ သစ်တောသစ်ပင်များ ထာဝရစိမ်းလန်းစိုပြည်နေစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဟောပြော

ရန်ကုန် မတ် ၃၀

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားကို မတ် ၂၅ ရက်က ပန်းဘဲတန်း မြို့နယ် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ အလင်းရောင်(၁) စာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းက အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်နေသော တပ်မတော် ခေါင်းစဉ်ဖြင့် ဟောပြောပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)

ဆေးတက္ကသိုလ်(၁) ရန်ကုန် (၁၉၇၆-၁၉၈၂) ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၀

ဆေးတက္ကသိုလ် (၁) ရန်ကုန် (၁၉၇၆-၁၉၈၂ ခုနှစ်) ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ် ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက် လိုသူများသည် ဒေါက်တာ အေးအေးသန်း ဖုန်း-၀၉ ၈၆၁၁၈၀၁၊ ဒေါက်တာ မိုးမြမြ ဖုန်း-၀၁-၅၀၃၈၇၃၊ ၀၉ ၈၀ ၂၂၉ ၆၆၊ ဒေါက်တာဥမ္မာခိုင် ဖုန်း-၀၁-၅၀၀၀ ၅၇၊ ၀၉ ၅၁ ၆၃၃၅၉၊ ဒေါက်တာ ကျော်ဝင်း ဖုန်း-၀၁-၅၁၀ ၂၁၄၊ ၀၉၈၀ ၂၃၈၁၁၊ ဒေါက်တာ တင်မောင်ချစ် ဖုန်း-၀၁-၅၃၅၉၉၆၊ ၀၉ ၈၅ ၈၆၀၅၁ နှင့် ဒေါက်တာမင်းသန်းညွန့် ဖုန်း-၀၁-၂၂၃၈၂၄၊ ၂၂၁၃၈၇၊ ၀၉ ၅၀ ၁၀၆၃၇ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လျှပ်စစ်ရေတင်စီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ညောင်ကျေးရွာရှိ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ငရုတ်သီးမှုန့်လုပ်ငန်းစီမံကိန်းဇုန်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှူးက မြေကွက်များဖော်ထုတ်ထားမှု၊ လမ်းရေနုတ်မြောင်းများ ဆောင်ရွက်ထားမှု၊ လျှပ်စစ်မီးနှင့် ရေရရှိရေးဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကိုမှာကြား၍ စီမံကိန်းဇုန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လှည်းကူးမြို့နယ် ရေကျော် လျှပ်စစ်ရေတင် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ်ရှိ ရေကျော် လျှပ်စစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှူးက နွေစပါးအောင်ရေပေးဝေမှုအခြေအနေနှင့် ဟိုက်ဒရိုတာဘိုင် ဂျင်နရေတာစက်ဖြင့် ရေကျော်ကျေးရွာသို့ လျှပ်စစ်မီးပေးဝေနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်ချက်များပံ့ပိုးဖြည့်ဆည်းပေး၍ ပင်မမြောင်းအတွင်း ရေပို့လွှတ်မှုနှင့် ဟိုက်ဒရိုတာဘိုင် ဂျင်နရေတာစက်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် စစ်ပင်လျှပ်စစ်ရေတင်စီမံကိန်း၊ မလစ် လျှပ်စစ်ရေတင်စီမံကိန်းနှင့် ဆင်ဖုံလျှပ်စစ်ရေတင်စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဘေးအန္တရာယ် သက်ရောက်မှုလျော့ပါးရေး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ရန်ကုန် မတ် ၃၀

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အက်စကက် အမှုဆောင် အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် သဘာဝဘေးအန္တရာယ်သက်ရောက်မှု လျော့ပါးရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် သဘာဝ ဘေး အန္တရာယ်သက်ရောက်မှု လျော့ပါးရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

မတ် ၂၅ ရက်တွင် ဗန်ကောက်မြို့ ကုလသမဂ္ဂအစည်းအဝေးခန်းမ၌ ကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲတွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီး သဘာဝဘေးအန္တရာယ် သက်ရောက်မှု လျော့ပါးရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အတွေ့အကြုံနှင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိရောက်သည့် စီမံခန့်ခွဲမှု၊ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာတို့နှင့် ပတ်သက်ပြီး မိန့်ခွန်းပြောကြားသည်။

ဆွေးနွေး

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌသည် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အက်စကက်အမှုဆောင် အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာအား သီးခြားတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ နာဂစ်မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြုရေး၊ အနာဂတ် သဘာဝဘေး တားဆီးကာကွယ်ရေး အစီအမံများအတွက် အက်စကက်အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နည်းပညာ အတွေ့အကြုံဖလှယ်ကာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ASEAN Resource Centre ဖြစ်သည့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ကို အက်စကက်၏ အခန်းကဏ္ဍမှ အထောက်အကူပြုနိုင်မည့် အခွင့်အလမ်းတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

တက်ရောက်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကုလသမဂ္ဂ အစည်းအဝေးခန်းမ၌ပင် ဆက်လက်ကျင်းပသည့် သဘာဝဘေးအန္တရာယ် သက်ရောက်မှု လျော့ပါးရေးဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ အဖွဲ့အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၈ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။

(သတင်းစဉ်)

သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ အသွင်သဏ္ဍာန်နှင့် အနှစ်သာရသွက်လက်မြင့်မားရေး အစဉ်ပြောင်းလဲမြှင့်တင် ဆောင်ရွက်နေ စာပေလောကဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာစာပေ ကမ္ဘာသို့ ထိုးဖောက်ပျံ့နှံ့အောင် ကြိုးပမ်းဆောင်ရွက် မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားအကျိုးစီးပွား ထိခိုက်ဆုတ်ယုတ်နိုင်သည့် မီဒီယာထိုးဖောက်လွှမ်းမိုးမှုများကို ကာကွယ်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ရသော ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ရသော ကော်မတီအဖွဲ့ဝင်များ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (အေ)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် အကြံပေးအရာရှိများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော ကော်မတီအဖွဲ့များတွင် ပါဝင်ကြသည့် စာပေနှင့်အနုပညာရှင် ဆရာကြီး၊ ဆရာမကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်၊ စာပေနှင့်အနုပညာဆိုင်ရာတာဝန်ဟူ၍ အဓိကတာဝန်နှစ်ရပ်ကို ထမ်းဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ အသွင်သဏ္ဍာန်နှင့်အနှစ်သာရ သွက်လက်မြင့်မားစေရေးအတွက် အစဉ်ပြုပြင်ပြောင်းလဲမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း။

စာပေနှင့်ပတ်သက်၍လည်း မြန်မာစာပေအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ စာပေလောကသားများ ဘဝတိုးတက်မြင့်မားစေရေးနှင့် မြန်မာစာပေကို ကမ္ဘာသို့ ပျံ့နှံ့ထိုးဖောက်နိုင်စေရေးကို ရည်မှန်းချက်ထားရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အနုပညာပိုင်းဆိုင်ရာ ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင်လည်း အနုပညာလောကသားများနှင့် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနနှင့်အတူ စာပေ၊ ဂီတ၊ ရုပ်ရှင်ပညာရှင်များ၏ ပူးပေါင်းပါဝင်လုပ်ဆောင်မှုများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ထို့အတူ စာပေလောကဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာစာပေ ကမ္ဘာသို့ထိုးဖောက်ပျံ့နှံ့အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတကာမှ မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်ဆုတ်ယုတ်နိုင်သည့် မီဒီယာထိုးဖောက်လွှမ်းမိုးမှုများကိုလည်း ကာကွယ်သွားကြရန် လိုအပ်ပါကြောင်း၊ အလားတူ ရုပ်ရှင်နှင့်ဗီဒီယိုဈေးကွက် ပြည်တွင်း၊ ပြည်ပ ပိုမိုကျယ်ပြန့်လာစေရေး၊ အရည်အသွေး တိုးတက်မြင့်မားစေရေးနှင့် ရုပ်ရှင်၊ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အတူ ကျေးလက်ပြည်သူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး စာဖတ်သည့်အလေ့အကျင့် စွဲမြဲကျယ်ပြန့်လာစေရေး၊ ထူထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထာဝရတည်တံ့ ခိုင်မာရှင်သန်စေရေးအတွက်လည်း ဝိုင်းဝန်းလှူဒါန်းဆော်ပုံ့ပိုးဆောင်ရွက်မည့် အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများပေါ်ပေါက်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ၂၀၀၆- ၂၀၀၇ ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ ၂၀၀၆- ၂၀၀၇ ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၂၀၀၇- ၂၀၁၀ ပြည့်နှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)၊ ၂၀၀၇ ခုနှစ် မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ၂၀၀၇ ခုနှစ် ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဝင် ဒေါ်ပိုပိုကြည်(ပိုပိုကြည်- ဥပဒေ)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ဟောင်းတေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီး ဂီတရွေးချယ်စိစစ်ရေးအဖွဲ့တို့တွင် ပါဝင်သောပုဂ္ဂိုလ်များကိုယ်စားအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကလေးတင့်အောင်နှင့် မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဦးသော်ကောင်း (သော်ကောင်း)တို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုခံ ပညာရှင်များကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ဟောင်းတေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီး ဂီတရွေးချယ် စိစစ်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးမောင်မောင်လတ် (နောင်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂုဏ်ပြုခံပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်း(မြင့်သိန်းအောင်)အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မစ္စတာအင်န်ဒရူးရစ်ချဒ်ပေါန်အား ဗြိတိန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ မာ့(ခ်)ကန်းနင်း၏ နေရာတွင် မစ္စတာအင်န်ဒရူးရစ်ချဒ်ပေါန်အား ခန့်အပ်ရန် အဆိုပြုလာခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာအင်န်ဒရူးရစ်ချဒ်ပေါန်သည် ၁၉၈၆ ခုနှစ်တွင် ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဌာန ပြည်ပကုန်သွယ်ရေးဌာနခွဲသို့ စတင်အလုပ်ဝင်ရောက်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ဗင်နီဇွဲလားနိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့ရှိ ဗြိတိန်သံရုံးများတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းသည် လောလောဆယ်တွင် အိုင်ယာလန်နိုင်ငံရှိ ဗြိတိန်နိုင်ငံသံရုံး၌သံရုံး ဒုတိယအကြီးအကဲနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာအင်န်ဒရူးရစ်ချဒ်ပေါန်သည် သားသမီးထွန်းကားသည့် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ (သတင်းစဉ်)

ဆကာကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၃၀

ဆကာကြီးအသင်း(ရန်ကုန်)၏ (၃၈) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၉ ရက် နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်၌ကျင်းပရာ အသင်းဥက္ကဋ္ဌဦးအောင်ဆွေ (ဦးပါကြီး)က အဖွင့်အမှာ စကားပြောကြားသည်။

အစည်းအဝေးတွင် အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် အသင်း၏ ငွေကြေးအခြေအနေ၊ ရသုံးငွေစာရင်းတို့ကို အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ရှင်းလင်းဖတ်ကြားကြပြီး အစည်းအဝေးက အတည်ပြုသည်။

ထို့နောက် အသက် (၈၀)နှင့် အထက် ဘိုးဘွား ၈၀ တို့အား တစ်ဦးလျှင် ငါးထောင်ကျပ်နှုန်းဖြင့် ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်မှ ချီးမြှင့်သော ပါရဂူဘွဲ့ရပုဂ္ဂိုလ်နှစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး တို့အား ပညာရည်ချွန်ဆု ချီးမြှင့်ပေးအပ်သည်။

အစည်းအဝေးမှ အသင်းကိုယ်ပိုင်ရုံးခန်းဝယ်ယူရေး ကြိုးပမ်းရန်နှင့် အသင်းဝင်တစ်ဦး ကွယ်လွန်ပါက ကျပ်ငွေ ၁၀၀၀၀ ကူညီထောက်ပံ့သွားရန် ဆုံးဖြတ်ကြသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၃-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ "တစ်သက်စာအမှတ်ရစရာ ဇီးချောင်းရေလျှောင်တမံ"
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၄၀ ၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄း၄၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
- ၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၈။ ဂီတသံစဉ်အလှဆင်
- ၅း၂၅ ၉။ **"ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး" (ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ-ဆွေဇင်ထိုက်)**
- ၅း၄၀ ၁၀။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၅ ၁၄။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ" (အပိုင်း-၂၃)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
  - ၁၇။ နိုင်ငံတကာသတင်းများ
  - ၁၈။ မိုးလေဝသအခြေအနေ
  - ၁၉။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
  - ၂၀။ ပြည်သူ့အတွက်တပ်မတော် (လျှပ်စစ်စွမ်းအားဟိုတယ်ခရီး၊ ပို့ဆောင်ရေးမီးရထား)
  - ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့သံစဉ်" (အပိုင်း-၅)**
  - ၂၂။ အစီအစဉ်ပြီး၏။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသွားသောနေရာအား တာဝန်ရှိသူများ စစ်ဆေးကြည့်ရှုနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ကဘူး မတ် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက် ပက်ခ်တီယာပြည်နယ်တွင် မတ် ၂၈ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်အမျိုးသားတပ်ဖွဲ့၏ ကွန်မန်ဒိုတပ်ဖွဲ့ဝင်သုံးဦးသေဆုံးကြောင်း တနင်္ဂနွေနေ့ သတင်းစာရှင်းလင်းပွဲ၌ အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များက ပြောကြားသည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် ပက်ခ်တီယာပြည်နယ် ဂါဒက်ဇ်ခရိုင်၌ ကင်းလှည့်နေစဉ် လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်ပြီး အခြား ကွန်မန်ဒို လေးဦး ဒဏ်ရာရရှိကြောင်း ထည့်သွင်းပြောကြားသည်။

အင်တာနက်။

အမေရိကန်ရှိ လူအိုရုံတွင် သေနတ်သမားပစ်ခတ် ရှစ်ဦးအသက်ဆုံးရှုံး၍ အများအပြား ဒဏ်ရာရ

ဝါရှင်တန် မတ် ၃၀

အမေရိကန်နိုင်ငံ မြောက်ကယ်လီဖိုးနီးယားပြည်နယ် ကာသေ့ဂ်ျအရပ်ရှိ လူအိုရုံတစ်ရုံတွင် တနင်္ဂနွေနေ့က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ရှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ဒေသခံရဲတပ်ဖွဲ့သတင်းက ဖော်ပြသည်။ ဝင်ရောက်ပစ်ခတ်သူသေနတ်သမားမှာ အသက် ၄၅ နှစ်အရွယ်ရှိ ရောဘတ်စတီးဝုဟ်ဆိုသူဖြစ်ကြောင်း ဒေသခံတရားရေးဌာနမှ မူရင်းကရူဂါက သတင်းထောက်များကို ပြောကြားသည်။

၎င်းသည် ပိုင်းလိခ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူအိုရုံအတွင်း နံနက် ၁၀ နာရီခန့်က ဝင်ရောက်ကာ အရမ်းမဲ့ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထိုလူအိုရုံသည် ကြယ်ငါးပွင့်အဆင့်ရှိခုတင် ၉၀ ဆံ့ လူအိုရုံဖြစ်ကြောင်း ကာသေ့ဂ်ျရဲတပ်ဖွဲ့ အကြီးအကဲ ခရစ်မိုက္ကင်ဇီက ပြောကြားသည်။ အခင်းဖြစ်ပွားမှုကြောင့် သေဆုံးသွားရသူများမှာ သူနာပြုတစ်ဦးနှင့် အသက် ၇၈ နှစ်မှ ၉၈ နှစ်အတွင်းရှိသူ သက်ကြီးရွယ်အိုခုနစ်ဦးတို့ ဖြစ်သည်။

ပစ်ခတ်မှုဖြစ်ပွားသွားပြီးနောက် ဒဏ်ရာရသူ ခြောက်ဦးကို ဆေးရုံသို့ ခေါ်ဆောင်သွားသည်။ ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင် ဂျတ်စတင် ဂါနာလည်း ပါဝင်သည်။ ၎င်းသည် သေနတ်သမားကို ပထမဆုံး ရင်ဆိုင်တိုက်ခိုက်သည့် ရဲတပ်ဖွဲ့ဝင်ဖြစ်ပြီး သေနတ်သမားသည် လူနာဆောင်များကို အရမ်းမဲ့ပစ်ခတ်နေသဖြင့် ရဲတပ်ဖွဲ့ဝင်ဂါနာသာ ဝင်ရောက်ဟန့်တားခြင်းမပြုခဲ့လျှင် ယခုအဖြစ်အပျက်၏ အခြေအနေမှာ ပို၍ဆိုးရွားသွားနိုင်သည်ဟု ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။

ကာသေ့ဂ်ျမြို့ကလေးတွင် ယခုကဲ့သို့ အဖြစ်အပျက်မျိုး ဖြစ်ပွားဖူးခြင်းမရှိကြောင်း၊ ယခုအခါ အဆိုပါအဖြစ်အပျက်ကြောင့် လူဦးရေ ၂၀၀၀ မျှနေထိုင်သော အဆိုပါမြို့ကလေးမှာ တုန်လှုပ်သွားကြောင်း ထိုမြို့မှ တာဝန်ရှိသူ ကာရောစပတ်က ပြောကြားသည်။ သေနတ်သမားစတီးဝုဟ်အနေဖြင့် လူသတ်မှု ရှစ်မှုအပြင် အခြားသော စွဲချက်များဖြင့်လည်း ရင်ဆိုင်ရဖွယ်ရာ ရှိကြောင်း သိရသည်။

အင်တာနက်။

ဘဂ္ဂဒက်၌ အီရတ်တပ်ဖွဲ့ဝင်ငါးဦး ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် မတ် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် နိုးကြားတက်ကြွသော ကောင်စီအဖွဲ့ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီးနောက် မတ် ၂၈ ရက်က အီရတ်တပ်ဖွဲ့ဝင်ငါးဦး ပြန်ပေးဆွဲခြင်းခံရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တိုက်ပွဲဖြစ်

မတ် ၂၈ ရက်က အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် အယ်လ်ခိုင်ဒါဆန့်ကျင်ရေးအုပ်စု တိုက်ခိုက်ရေးသမားများအကြား တိုက်ခိုက်မှုပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီးနောက် နိုးကြားတက်ကြွသော ကောင်စီအဖွဲ့အကြီးအကဲ အက်ဒယ်အယ်လ်မက်ဟာဒါနီနှင့် ၎င်းလက်ထောက် ဆယ်မန်ကာဒူလီတို့အား အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်စစ်ပွဲတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၂၆၁ ဦး ရှိပြီ

ဝါရှင်တန် မတ် ၃၀

အီရတ်နိုင်ငံတွင်းသို့ အမေရိကန်နှင့် အပေါင်းပါတပ်များဝင်ရောက်ကျူးကျော်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှစ၍ ၂၀၀၉ခုနှစ် မတ် ၂၅ရက်ထိ အီရတ်စစ်ပွဲ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်မှာ အနည်းဆုံး ၄၂၆၁ ဦး ရှိပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ ထိုအထဲတွင် စစ်ဘက်တာဝန် ထမ်းဆောင်ရင်း သေဆုံးရသောအရပ်သားရှစ်ဦးလည်း ပါဝင်သည်။ ရန်သူနှင့် တိုက်ပွဲအတွင်း သေဆုံးသူမှာ အနည်းဆုံး ၃၄၂၅ ဦး ရှိကြောင်း စစ်ဘက်ဆိုင်ရာ စာရင်းများတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ မြောက်ဒါကိုတာပြည်နယ်ရှိ ရတ်ဒ်မြစ် ရေလျှံသဖြင့် ဖာဂိုအရပ်တွင် ရေကြီးနေသည်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယက အသံထက်မြန်သော ဘရာမို့စ်ဒုံးကျည်အောင်မြင်စွာ စမ်းသပ်

နယူးဒေလီ မတ် ၃၀

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျာစတန်ပြည်နယ်ရှိ ပေါက်ခ်ကရန်ကန္တာရအရပ်တွင် အသံထက်မြန်သည့် မြေပြင်မှ မြေပြင်ပစ် ဘရာမို့စ်ခရုဇ်ပဲ့ထိန်းဒုံးကျည်ကို တနင်္ဂနွေနေ့ကအောင်မြင်စွာ စမ်းသပ်ပြီးစီးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ လာသောသတင်းက ဖော်ပြသည်။

ယခုစမ်းသပ်သော လက်နက်မှာ ဘလောက်-၂ အမျိုးအစား ဘရာမို့စ်ပဲ့ထိန်းဒုံးကျည်ဖြစ်ပြီး ၂၉၀ ကီလိုမီတာ အကွာအဝေးရှိ ပစ်မှတ်ကို ထိရောက်စွာ တိုက်ခိုက်နိုင်သည်ဟု ဆိုသည်။ ထိုလက်နက်သည် ပစ်လွှတ်ပြီး နှစ်မိနစ်ခွဲအကြာတွင် ပစ်မှတ်ကို ထိမှန်အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း အမည်မဖော်လိုသူအရာရှိတစ်ဦးက ပြောကြားသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ရာဂျာစတန် ကန္တာရဒေသအတွင်း ဘရာမို့စ်ခရုဇ်ဒုံးကျည်အား စမ်းသပ်ပစ်လွှတ်နေသည်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းမှတ်စု

ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ် ဆင်းသက်ရာ၌ ရာသီဥတုဆိုးရွားသဖြင့် ကြန့်ကြာမှုဖြစ်

အမေရိကန် အမျိုးသားလေကြောင်းသိပ္ပံနှင့် အာကာသအုပ်ချုပ်ရေးဌာန (နာဆာ)က အာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီ ဆင်းသက်ရန်အတွက် တိမ်ထူထပ်ပြီး လေပြင်းတိုက်ခတ်နေခြင်းကြောင့် ကြန့်ကြာခဲ့ကြောင်း စနေနေ့တွင် ပြောကြားသည်။

ဒစ္စကာဗာရီအာကာသယာဉ် ဆင်းသက်မှုကို မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီ ၃၉ မိနစ်၌ စီစဉ်ထားသော်လည်း ရာသီဥတု ဆိုးရွားနေသောကြောင့် ညနေ ၃ နာရီ ၁၄ မိနစ်မှ ဆင်းသက်ခဲ့ရသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနီဗယ်ရှိ ကနေဒီ အာကာသယာဉ် လွှတ်တင်ရေးစခန်းသို့ ဒစ္စကာဗာရီလွန်းပြန်ယာဉ် ပြန်လည်ဆင်းသက်လာသည်ကို မတ် ၂၈ရက်က တွေ့ရစဉ်။

ရုရှားတိုက်လေယာဉ် လက်ဘနွန်သို့ ပေးပို့မည်

လက်ဘနွန်နိုင်ငံ လွတ်လပ်ရေးနေ့ဖြစ်သော နိုဝင်ဘာ ၂၂ရက်တွင် အမ်အိုင်ဂျီ-၂၉ ဂျက်တိုက်လေယာဉ်နှစ်စင်းအား လက်ဘနွန်နိုင်ငံသို့ ရုရှားနိုင်ငံက ပေးပို့မည်ဖြစ်သည်။ နှစ်နိုင်ငံကြား စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သစ်အရ ရုရှားနိုင်ငံသို့ လက်ဘနွန်ကာကွယ်ရေးဝန်ကြီးအီလပ်စ်မား အလည်အပတ်ရောက်ရှိစဉ် လက်ဘနွန်နိုင်ငံသို့ အမ်အိုင်ဂျီ-၂၉ ဂျက်တိုက်လေယာဉ် ၁၀စင်းကို ဒီဇင်ဘာလတွင် နောက်ဆုံးထားပေးပို့မည်ဟု ရုရှားနိုင်ငံက ကတိပေးခဲ့သည်။ အဆိုပါ အမ်အိုင်ဂျီ-၂၉ ဂျက်တိုက် လေယာဉ်ကို အမေရိကန်အက်ဖ်-၁၅ တိုက်လေယာဉ်အား ယှဉ်ပြိုင်နိုင်ရန် ၁၉၇၀ ပြည့်နှစ်က ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ဆိုမာလီ၌ ပြန်ပေးဆွဲခံရသည့် ကင်ညာငါးဦးအား ပြန်လွှတ်

ဆိုမာလီစစ်သွေးကြွအုပ်စုသည် လွန်ခဲ့သောလေးရက်က ပြန်ပေးဆွဲခဲ့သည့် ကင်ညာနိုင်ငံသားငါးဦးအား ပြန်လွှတ်ပေးလိုက်ကြောင်း စနေနေ့တွင် ကင်ညာနိုင်ငံတာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ပြန်လွှတ်ပေးခဲ့သော အစိုးရအရာရှိလေးဦးနှင့် ၎င်းတို့၏ယာဉ်မောင်းတို့အား ကင်ညာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မင်ဒါရာဒေသသို့ ချက်ချင်းခေါ်ဆောင်သွားခဲ့ကြောင်း ကင်ညာရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်ကြောင်း ထည့်သွင်းပြောကြားသည်။

တရုတ်အရှေ့ပိုင်း၌ ယာဉ်မတော်တဆမှုများကြောင့် ၃၈ ဦးသေဆုံး

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် မတ် ၂၇ ရက်က ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွားရာ ၃၈ ဦး သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဖူကျန်ပြည်နယ် ကွမ်ကျိုးမြို့သို့ ဦးတည်မောင်းနှင်လာသော ဘတ်စ်ကားတစ်စီးသည် ညနေလေးနာရီခွဲက တိမ်းမှောက်ခြင်းကြောင့် ၁၈ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း၊ အလားတူကျန်စီပြည်နယ် ဖုန်ချန်မြို့တွင် ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်နှစ်စီး တိုက်မိ၍ ခရီးသည် ၂၀ သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိကြောင်း ကျန်စီပြည်နယ် ပြည်သူ့လုံခြုံရေးဌာနက ပြောကြားသည်။

တန်ဇန်းနီးယားတွင် ရထားနှစ်စင်းတိုက်၊ ၁၅ ဦးထက်မနည်းသေဆုံး

တန်ဇန်းနီးယားနိုင်ငံ အလယ်ပိုင်းတွင် မတ် ၂၂ ရက်က မီးရထားတစ်စင်းက ရပ်တန့်ထားသော ခရီးသည်တင် မီးရထားတစ်စင်းကို ဝင်တိုက်မိသဖြင့် ၁၅ ဦးထက်မနည်း သေဆုံးသည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းသည် တန်ဇန်းနီးယားနိုင်ငံ ဒိုဒိုမာမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် ၁၅ ဦးထက်မနည်း အသက်ဆုံးရှုံးရကြောင်း တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။

၂၀၀၂ ခုနှစ်အတွင်းကလည်း အဆိုပါဒေသတွင် အဆိုးရွားဆုံး မီးရထားမတော်တဆမှုကြောင့် လူ ၂၀၀ ကျော်သေဆုံးပြီး ရာနှင့်ချီကာ ဒဏ်ရာရရှိခဲ့သည်။

စုစည်းရေးသားသူ-စိုးစိုးနိုင်

အာရှနှင့်ပစိဖိတ်ဒေသများတွင် ဘဏ္ဍာရေးအခက်အခဲကြုံတွေ့မည်

ကုလသမဂ္ဂ မတ် ၃၀

နိုင်ငံအများစုအနေဖြင့် ဆယ်စုနှစ်များအတွင်း၌ ရာသီဥတုပြောင်းလဲမှု အပါအဝင် စားသောက်ကုန်နှင့် ဆက်စပ်နေသော လောင်စာဆီဈေးနှုန်း မတည်ငြိမ်မှုကြောင့် ဘေးကျပ်နံကျပ်ကာလကို နှစ်ကြိမ်တိုင် ကာလကြာမြင့်စွာ ရင်ဆိုင်ဖြေရှင်းရမည်ဟု ကုလသမဂ္ဂက မတ် ၂၆ ရက်တွင်ကြေညာချက်ထုတ်ပြန်သတိပေးထားသည်။

စားသောက်ကုန်နှင့် ဆက်စပ်နေသော လောင်စာဆီ ဈေးနှုန်းမတည်ငြိမ်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လျက် ဘဏ္ဍာရေးအခက်အခဲကို သုံးကြိမ်တိုင် ပေါ်ပေါက်စေနိုင်သည်ဟု ၂၀၀၉ ခုနှစ် အာရှနှင့်ပစိဖိတ်ဒေသတွင်း လူမှုရေးနှင့်စီးပွားရေး ဆန်းစစ် လေ့လာရေးအဖွဲ့က ထုတ်ပြန်သော ကြေညာချက်တွင် ထည့်သွင်းဖော်ပြသည်။ ယင်းတို့သည် သုံးကြိမ်မြောက် ဘဏ္ဍာရေးအခက်အခဲကို ပေါ်ပေါက်စေသည့်အပြင် အလုပ်လက်မဲ့နှုန်းကိုပါ မြင့်တက်စေမည်ဟုဆိုသည်။ အထူးသဖြင့် ဂျီနီဗာနှင့်နယူးယောက် အပါအဝင် အဆိုပါ ဒေသများနှင့် ဆက်စပ်နေသော မြို့ပေါင်း ၂၀ ကျော်တွင် ပိုမိုအကျိုးသက်ရောက်မှု ဖြစ်ပွားစေနိုင်သည်ဟု ဆန်းစစ်လေ့လာချက်တွင် ဖော်ပြသည်။

အင်တာနက်။

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ ရီဒေါက်မီးတောင်ပေါက်ကွဲမှုဖြစ်ပြီး ပြာများဖုံးလွှမ်းနေသည်ကို မတ် ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အလက်စကာမှ ရီဒေါက်မီးတောင်ထပ်မံပေါက်ကွဲ

အီးဂဲလ်ရီးဗား (အလက်စကာ) မတ် ၃၀

အမေရိကန်ပြည်ထောင်စု အလက်စကာရှိ ရီဒေါက်မီးတောင်သည် သောကြာနေ့က ဆက်လက်ပေါက်ကွဲရာ ပြာများ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀၀ ကျော်တွင် တိမ်သဖွယ်အုံ့ဆိုင်းနေသည်ဟု အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ပြာများသည် မြောက်ဘက်ဆီသို့ ကျဆင်းမည်ဟု မျှော်လင့်ထားကြောင်း အမျိုးသားမိုးလေဝသဌာနမှ ပြောကြားသည်။ မတ် ၂၃ ရက် ညကတည်းက ရီဒေါက်မီးတောင်သည် အကြိမ်ကြိမ်ပေါက်ကွဲခဲ့သည်။ မတ် ၂၆ ရက်က ပေါက်ကွဲမှုတွင် ပြာများသည် ပေ ၆၅၀၀၀ အထိလည်းကောင်း၊ မတ် ၂၇ ရက်က နှစ်ကြိမ် ပေါက်ကွဲခဲ့ရာ ပေ ၄၀၀၀၀ နှင့် ၅၁၀၀၀ အထိလည်းကောင်း ရောက်ရှိခဲ့သည်ဟု သိရသည်။

အင်တာနက်။

ပင်လယ်ဓားပြများက ဂျာမန်သင်္ဘောကို ပြန်လွှတ်ပေး

ဘာလင် မတ် ၃၀

အေဒင်ပင်လယ်ကွေ့ အတွင်းတွင် လွန်ခဲ့သောနှစ်လက ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲခဲ့သော ဂျာမန်ပိုင်ရေနံတင်သင်္ဘောမှာပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ဟန်းဘတ်အခြေစိုက်ကုမ္ပဏီမှ တာဝန်ရှိသူက စနေနေ့တွင် ပြောသည်။

ဗီယက်နမ်သို့ဦးတည်

အဆိုပါသင်္ဘောမှ သင်္ဘောသားများဖြစ်ကြသော ဖိလစ်ပိုင်၁၂ဦးနှင့် အင်ဒိုနီးရှား တစ်ဦးတို့မှာ ရိုက်နှက်ညှဉ်းပန်းမှုမခံရကြောင်း၊ မူလခရီးစဉ်၏ ဦးတည်ရာ အရပ်ဖြစ်သော ဗီယက်နမ်နိုင်ငံသို့ ဆက်လက်ထွက်ခွာသွားပြီ ဖြစ်ကြောင်း ဘားနတ်ရှူလီတီရှစ်မန်နေ့ဂျင့်မင့်က ပြောကြားသည်။

ဆိုမာလီ ပင်လယ်ဓားပြများက ဇန်နဝါရီ ၂၉ရက်တွင် ဓာတ်ငွေ့ရည်များ တင်ဆောင်လာသော "လောင်းချန့်" အမည်ရှိ သင်္ဘောကို ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။ ဆိုမာလီ ပင်လယ်ဓားပြများသည် ယမန်နှစ်က သင်္ဘော ဒါဇင်ပေါင်းများစွာကို ပြန်ပေးဆွဲခဲ့ကြသည်ဟု သိရသည်။ နိုင်ငံခြားစစ်သင်္ဘောများ ထိုအရပ်ဒေသသို့ ရောက်လာချိန်တွင် တိုက်ခိုက်မှုမှာ သိသာစွာ လျော့ကျသွားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘရာဇီးနိုင်ငံ ဘရာစီးလီးယားမြို့တွင် ကျင်းပသည့် သတ္တမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူရွှင်တော်များပွဲတော်တွင်ပါဝင်ဆင်နွှဲနေသူနှစ်ဦးကို မတ် ၂၈ ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပျားရည်သည် နှာခေါင်းတွင်းရှိ လေအိတ်ရောင်သောရောဂါကို သက်သာစေနိုင်

ပေကျင်း မတ် ၃၀

ပျားရည်သည် နှာခေါင်းတွင်းရှိ လေအိတ်ရောင် နာတာရှည်ရောဂါကို လျော့ကျသက်သာစေနိုင်ကြောင်း တက္ကသိုလ်ဆေးရုံ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

နှာခေါင်းတွင်းရှိ လေအိတ်ရောင်ရောဂါကို ဖြစ်ပွားစေသော ဘက်တီးရီးယားပိုးများအား သတ်ပစ်နိုင်သည့် သဘာဝ ရောဂါပိုးများကို တိုက်ဖျက်သည့် ဓာတ်ပစ္စည်းများပျားရည်တွင်ပါဝင်ကြောင်း ကနေဒါနိုင်ငံအော့တဝါတက္ကသိုလ်တွင်ပြုလုပ်သော ဓာတ်ခွဲစမ်းသပ်မှုတစ်ခုအရ တွေ့ရှိရကြောင်း သိရသည်။

အစဉ်အလာရိုးရာပိုးသတ်ဆေး (Anti- biotics)များကို အသုံးပြုခြင်းထက် ပျားရည်က ဘက်တီးရီးယားများကို သတ်ရာတွင် ပိုမိုထိရောက်မှုရှိကြောင်း၊ နှာခေါင်းတွင်းရှိလေအိတ်ရောင်ရောဂါကို ဖြစ်စေသည့် ဘက်တီးရီးယား ပါဝင်သည့် ဒြပ်ထုများနှင့် ပျားရည်ကို ဖလင်ကော်ပြားပေါ်တွင် တင်ပြီး စမ်းသပ်ရာမှ သုတေသနပညာရှင်များက တွေ့ရှိရကြောင်း သိရသည်။

ပင်းပြည်နယ်မှ ကလေးရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးသုတေသန ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာ အီယန်ပေါလ်က ပျားရည်ထဲတွင် ဘက်တီးရီးယားများ မကြီးထွားနိုင်ဟု လေ့လာတွေ့ရှိမှုအပေါ် ဝေဖန်သုံးသပ်ထားသည်။ ပျားရည်သည် ဒဏ်ရာများအတွက် ကောင်းကြောင်း၊ အနာကို ရင်းစေသည့် ဘက်တီးရီးယားကို ပျားရည်က မွန်းကြပ်စေကြောင်း၊ ပျားရည်က ဘက်တီးရီးယားကို သတ်ရာတွင် ထိရောက်သည်ဆိုသည်မှာ အံ့ဖွယ်မဟုတ်ကြောင်းလည်း သုတေသနပညာရှင်များက ဆိုကြသည်။ **အင်တာနက်။**

တင်ပြသူ-ကျော်သန်း

နမီးဘီးယား၌ ပြည်သူ ၃၅၀၀၀၀ ကျော် ရေဘေးကြုံ

ဂျိုဟန်နက်ဘတ် မတ် ၃၀

နမီးဘီးယားနိုင်ငံတွင် မိုးအဆက်မပြတ် ရွာသွန်းပြီး ရေကြီးမှုကြောင့် ပြည်သူ ၃၅၀၀၀၀ ကျော် ရေဘေးကြုံတွေ့နေရကြောင်း သောကြာနေ့တွင် ကုလသမဂ္ဂက ပြောကြားခဲ့သည်။

ဇန်နဝါရီလအတွင်းက စတင်ကာ ရေကြီးမှုကြောင့် ကောက်ပဲသီးနှံများ ပျက်စီးခဲ့ကြောင်း၊ ၂၀၀၉ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အထိ စားနပ်ရိက္ခာ မလုံလောက်မှုပြဿနာဖြင့် ပြည်သူ ၅၄၄၀၀၀ခန့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာသော ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ)မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အင်တာနက်။**

အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ်

ဂျကာတာ မတ် ၃၀

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် တနင်္ဂနွေနေ့ နံနက်ပိုင်းက ရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်း ငလျင်တစ်ခု လှုပ်သွားကြောင်း၊ သို့သော် ပျက်စီးမှုသို့မဟုတ် သေကျေဒဏ်ရာရရှိမှုအား ဖော်ပြခြင်းမရှိကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် ၀၀း၅၉ နာရီတွင် မူဝါးပြည်နယ် ဂျာယာမူရာအနောက်တောင်ဘက် ၁၁၄ ကီလိုမီတာအကွာကို ဗဟိုပြုပြီး ပင်လယ်ပြင်အောက် ၁၀၈ ကီလိုမီတာအနက်၌ လှုပ်သွားကြောင်း ယင်းဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

ပြင်သစ်က အီရတ်သို့ စစ်သုံး ရဟတ်ယာဉ် ၂၄ စင်းရောင်းချမည်

ပါရီ မတ် ၃၀

ပြင်သစ်နိုင်ငံက စစ်သုံး ရဟတ်ယာဉ် ၂၄ စင်းကို အီရတ်နိုင်ငံသို့ ရောင်းချရန်အတွက် မတ် ၂၅ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်ကတည်းကစ၍ အီရတ်သို့ လက်နက်များရောင်းချရန် ပထမဆုံး သဘောတူညီချက်အရ ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပြင်သစ်ကာကွယ်ရေး ဝန်ကြီး ဟာဘေးမော်ရင်းနှင့်အီရတ်ကာကွယ်ရေးဝန်ကြီး အဗ္ဗဒူလ်ကွာဒါအိုဘီးဒီးတို့နှစ်ဦး သဘောတူ လက်မှတ်ထိုးသည့် ယူရိုကော့ပတာအီးစီ ၆၃၅ အမည်ရှိ ရဟတ်ယာဉ် ၂၄ စင်း၏တန်ဖိုးမှာ ယူရိုသန်း ၃၆၀ (အမေရိကန်ဒေါ်လာ ၄၈၈ သန်း)ရှိသည်။

ရောင်းချမည့် ရဟတ်ယာဉ်များကို ပြုပြင်ထိန်းသိမ်းမှုနှင့် ယင်းရဟတ်ယာဉ်များကို မောင်းနှင်မည့် လေယာဉ်မှူးများကို သင်တန်းပို့ချရန်လည်း စာချုပ်တွင် ထည့်၍ ချုပ်ဆိုထားသည်။

အထက်ပါ စာချုပ်ချုပ်ဆိုပြီးနောက် တစ်လအတွင်းတွင် ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီက အီရတ်နိုင်ငံသို့ လာရောက်လည်ပတ်ပြီး အီရတ်နိုင်ငံအား စီးပွားရေး ပြန်လည်တိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးရန် ကတိပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားခဲ့ခြင်း၊ ၂၀၀၃တွင် အမေရိကန်တို့ အီရတ်သို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းများ ဖြစ်ပွားပြီးနောက် ပြင်သစ်နှင့် အီရတ်နှစ်နိုင်ငံသည် ပထမဆုံးအကြိမ်အဖြစ် သဘောတူညီချက်စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘဂ္ဂဒက်၌ ပြင်သစ်သံရုံးကို ယခုနှစ် နွေရာသီတွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကိုလိုလားကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဟာဘေးမော်ရင်းက ပြောကြားသည်။ **အင်တာနက်။**

တရုတ်နိုင်ငံတွင် နိုင်ငံခြားသား ပညာသင် ၂၀၀၀၀၀ ကျော်ထိရှိလာ

ပေကျင်း မတ် ၃၀

တရုတ်နိုင်ငံသို့ နိုင်ငံခြားတိုင်းပြည်များမှနေ၍ လာရောက်ပညာသင်ကြားကြသော ကျောင်းသားအရေအတွက်မှာ ၂၀၀၈ ခုနှစ်၌ ၂၂၃၄၉၉ ဦးထိ ရောက်ရှိခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်ကထက် ၁၄ ဒသမ ၃၂ ရာခိုင်နှုန်းသာလွန်ကြောင်း တရုတ်နိုင်ငံ ပညာရေးဝန်ကြီးဌာန (အမ်အိုအီး)က မတ် ၂၅ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်းရှိ အဆင့်မြင့်ပညာရေး တက္ကသိုလ်ကျောင်း ၅၉၂ ခုတွင် နိုင်ငံခြားသားကျောင်းသားများ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် နိုးနှောဖလှယ်ရေးဌာနမှ အကြီးအကဲဖြစ်သူ ကျန်ဇီချင်းက ပေကျင်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ ပညာသင်ဆုများကိုလည်း ချီးမြှင့်ခဲ့ရာ ၂၀၀၈ ခုနှစ်တွင် နိုင်ငံခြားသားကျောင်းသား ၁၃၅၁၆ ဦး ပညာသင်ဆုရရှိခဲ့၍ ၂၀၀၇ ခုနှစ်ကထက် ၃၃ ဒသမ ၁၅ ရာခိုင်နှုန်း ပိုမိုခဲ့သည်။ ယင်းပညာသင်ဆုတွင် ကျူရှင်သင်ကြားပေးခြင်း၊ နေထိုင်ခွင့်အခမဲ့နှင့်ဆေးဝါးစောင့်ရှောက်မှုခံယူရခြင်းစသည်တို့ ပါဝင်ကြောင်း ကျန်က ဆက်လက်ပြောကြားသည်။ တရုတ်နိုင်ငံပညာရေးဝန်ကြီးဌာန (အမ်အိုအီး)က ၂၀၀၈ ခုနှစ်တွင် နိုင်ငံခြားသားကျောင်းသားများအတွက် ယွမ် ၅၀၀ မီလီယံ (အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၄ သန်း) ရင်းနှီးမြှုပ်နှံခဲ့သည်။ ကျောင်းသားတစ်ဦးအတွက် လစဉ် ယွမ် ၁၄၀၀ မှ ၂၀၀၀ ကြား (အမေရိကန်ဒေါ်လာ ၂၀၀ မှ ၂၈၅ ဒေါ်လာ)ကို ထောက်ပံ့ကြေးအဖြစ် ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိုင်ဗရီကို့စ်နိုင်ငံ အဘီဂျန်မြို့၌ ကျင်းပသည့် ကမ္ဘာ့ဖလားပွဲအကြိုခြေစစ်ပွဲစဉ်အတွင်း ပရိသတ်များ တိုးဝှေ့ရာမှ လူအုပ်ပိမိပြီး အနာတရဖြစ်ရသူတစ်ဦးအား မတ် ၂၉ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး

ကျော်ဦးဆွေ

(ယမန်နေ့မှ အဆက်)

၂၀၀၆ ခုနှစ် ဇူလိုင်လ၌ ကျင်းပခဲ့သော စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းညီလာခံကြီး၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က စာရေးဆရာ၊ စာနယ်ဇင်းနှင့် ပုံနှိပ်ထုတ်ဝေသူများ နိုင်ငံ့အကျိုးအတွက်သယ်ပိုးဆောင်ရွက်ရန်အချက်များကို တက်ရောက်အားပေးမှာကြားခဲ့သည့်နည်းတူ နှစ်စဉ် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပလျက်ရှိသော အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆု ချီးမြှင့်ပွဲအခမ်းအနားများတွင်လည်း နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားမှုများ ပြုခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ပြန်ကြား ရေးဝန်ကြီးဌာန ဝန်ကြီးအနေဖြင့်လည်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့်လည်းကောင်း၊ ပုံနှိပ်သူနှင့် ထုတ်ဝေ သူလုပ်ငန်းရှင်များအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် လည်းကောင်း အခါအားလျော်စွာ တွေ့ဆုံတိုင်း အမျိုးသားရေးကိစ္စ၊ စာပေလောက ဖွံ့ဖြိုးရေး ကိစ္စ၊ စာပေလောကသားများ ဖွံ့ဖြိုးရေးကိစ္စ အစရှိသည်တို့ကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းနှင့်ပတ်သက်၍ ၂၀၀၈ခုနှစ် ဇွန်လ ၂၈ ရက် တွင် ကျင်းပသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထညီလာခံ ဗဟိုအဖွဲ့အစည်းအဝေးတွင်ပြောကြားခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ၏ မိန့်ခွန်းမှ စာပေဈေးကွက် ကျယ်ပြန့်လာရန်နှင့် ပြည်သူများ စာဖတ် အလေ့အထ တိုးမြင့်လာစေရန် ဆွေးနွေးချက်အချို့ကို အောက်ပါအတိုင်း ကောက်နုတ်တင်ပြလိုပါသည်-

“စာပေလောကသားတွေဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စာပေလောက ကြီး ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ စာပေလောကဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စာပေဈေးကွက် ဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ စာပေဈေးကွက်ကျယ်ပြန့်ဖို့ ဆိုရင် ဘယ်လိုလုပ်ကြမလဲ။ ဒီလိုစဉ်းစားခဲ့ကြတာရှိပါတယ်။ ဆွေးနွေးပွဲ တွေ၊ စာတမ်းဖတ်ပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပြည်ပလေ့လာမှု တွေနဲ့ ကြိုးစားဆောင်ရွက်ရအောင်ပါလို့ ကျွန်တော် ဒီလိုအကြံပြုခဲ့ တာရှိပါတယ်။ ဒါကဘာလဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ပြည်သူ အများစုဟာ ကျေးလက်မှာနေကြတဲ့ ပြည်သူတွေဖြစ်ပါတယ်။ ရာခိုင်နှုန်း ၇၀သော ပြည်သူတွေဖြစ်ကြပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့ စာပေဈေးကွက်ဟာ မြို့နေလူတန်းစားအတွင်းမှာပဲ ရှိနေပါသေးတယ်။ ဒါကြောင့် စာပေဈေးကွက်ကျယ်ပြန့်ဖို့၊ စာပေ လောကဖွံ့ဖြိုးတိုးတက်ဖို့၊ စာပေလောကသားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် ကျေးလက်က ပြည်သူတွေ စာများများဖတ်လာအောင် Create လုပ်ဖို့ လိုမယ်ထင်တယ်လို့ ဒီလိုပြောခဲ့တာရှိပါတယ်။ ကျွန်တော့် အယူအဆကို တင်ပြရရင်တော့ ယနေ့စာပေဈေးကွက် ကျယ်ပြန့်ဖို့နဲ့ စာပေလောက ဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် အဲဒီပြည်သူတွေ များများ စာဖတ်လာဖို့၊ စာဖတ်တဲ့အကျင့်ရှိလာဖို့ ဖြစ်အောင် လုပ်ကြရမယ့် ကိစ္စဟာ မလွဲမသွေလုပ်ရမယ့်ကိစ္စ ဖြစ်တယ်လို့ ယုံကြည်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်”

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဆွေးနွေးချက်ကို သုံးသပ်ပါက စာပေလောကနှင့် စာပေလောကသားများအနေဖြင့် ပြည်သူများ၏ စာဖတ် အလေ့အထ ယခုထက် မြင့်တက်လာစေရေးအတွက်သော်လည်းကောင်း၊ စာပေဈေးကွက် ပိုမိုကျယ်ပြန့်လာရေးအတွက်သော်လည်းကောင်း ကျေးလက် ကိုပါ အခြေခံဆောင်ရွက်ရန် အထူးလိုအပ်နေပြီဖြစ်ကြောင်းကို တွေ့မြင်ကြ ရပါမည်။ ယင်းကဲ့သို့ ပြည်သူများ စာဖတ်အလေ့အထ နည်းပါးခဲ့ရခြင်းမှာ နိုင်ငံအတွင်း တစ်ချိန်က ပြည်သူ့စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက် များနှင့် စာကြည့်တိုက်ကြီးများ ချို့တဲ့နည်းပါးခြင်း၊ ရှိသောစာကြည့်တိုက်ကြီး များမှာလည်း မြို့ပြများတွင်သာရှိခြင်း၊ စာအုပ်၊ စာတမ်းများ ဝယ်ယူ စုဆောင်းရန် ငွေကြေးမလုံလောက်ခြင်း၊ လူထုနှင့်ကျောင်းသားများ အသုံးပြု ရန်အတွက် စာဖတ်အထောက်အကူပြုပစ္စည်းများ မလုံလောက်ခြင်း၊ စာကြည့် တိုက်များအား သေချာစွာ ကိုင်တွယ်ဆောင်ရွက်နိုင်သည့် ပညာတတ် လူ့ အရင်းအမြစ်များ ရှားပါးခြင်း၊ ဘတ်ဂျက်အကန့်အသတ်ရှိခြင်း၊ အရင်း အမြစ်များအား စုစည်းရန် အနည်းဆုံးရှိသင့်သည့်ရန်ပုံငွေပင်မရှိခြင်း စသည် တို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အလားတူ စာပေဈေးကွက် ကျယ်ပြန့်မှုမရှိခြင်းသည်လည်း ပြည်သူ တို့၏ စာဖတ်အလေ့အထနည်းပါးလာရာမှ စာကောင်းပေမွန်များကို လေ့လာ ဝယ်ယူ စုဆောင်းဖတ်ရှုမှု နိမ့်ကျလာပြီး စာပေဈေးကွက်မှာလည်း တဖြည်း ဖြည်းချင်း ကျဆင်းလာသော သဘောတွေ့ရှိရပါသည်။ သာမန် အပျော်တမ်း စာပေအဆင့်ကိုသာ ရွေးချယ်ဖတ်ရှုလာသော ပရိသတ်၏ လိုအပ်ချက်အရ ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည်လည်း ယင်းကဲ့သို့သော စာပေများတွင်သာ ရင်းနှီး မြှုပ်နှံမှုပြုလာလိုကြကြောင်းတွေ့ရှိရပါသည်။ ယင်းကြောင့် ရွေးချယ် ရန် အကြောင်းအရာ နည်းပါးနေသော စာပေဈေးကွက်သည် ပိုမိုကျဉ်းမြောင်း လာကာ အသိပညာ သုတ၊ ရသတိုးပွားစေမည့် စာအုပ်၊ စာစောင် ပုံနှိပ် ထုတ်ဝေမှုများလည်း ရှားပါးလာခဲ့ပါသည်။ အမှန်တွင် စာကောင်းပေမွန်များ ရင်းနှီးပုံနှိပ်ထုတ်ဝေနိုင်ရေး၊ စာပေဈေးကွက် ကျယ်ပြန့်သည်ထက် ကျယ်ပြန့် လာရေးနှင့် ပြည်သူတို့၏ စာဖတ်အလေ့အထ ပိုမိုမြင့်တက်လာရေးတို့မှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်လည်ပတ်နေသော စက်ယန္တရားကြီးတစ်ခုသဖွယ်၊ သံသရာစက်ဝန်းတစ်ခုသဖွယ် ရှိနေကြောင်း တွေ့မြင်ကြရပါမည်။

ထို့ကြောင့် နိုင်ငံတော်အပိုင်းက အထက်ပါချိတ်ဆက်လည်ပတ်နေမှုများ ကို ကြိုတင်တွေးမြင် သုံးသပ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲက စာကြည့်တိုက် များနှင့်ပတ်သက်သော လိုအပ်သည့်လမ်းညွှန်မှုများပြုခဲ့ပါသည်။ယင်းလမ်းညွှန် ချက်များနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန အပိုင်းကလည်း ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ နိုင်ငံအဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅ အထိ တည်ဆောက်ပေါ်ထွန်းလာခဲ့ပါသည်။ ယင်းစာကြည့်တိုက် များအား ရေရှည်တည်တံ့ဖွံ့ဖြိုးသော၊ ခိုင်မာသော စာကြည့်တိုက်များ ဖြစ်လာ စေရန် စာကြည့်တိုက်ပိုင် အဆောက်အအုံနှင့် မြေရှိရန် ဆောင်ရွက်ပေးခြင်း၊ ပရိဘောဂများ စုံလင်စွာရှိလာရန် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဒေသခံ ပြည်သူများအား စာဖတ်အလေ့အထရှိလာရန် ဆွဲဆောင်ပေးခြင်း၊ စာကြည့် တိုက်ပိုင် စာအုပ်များအား မပျောက်ပျက်အောင်၊ မပျက်စီးအောင် ထိန်းသိမ်း ပေးခြင်းနှင့် စာကြည့်တိုက်ရန်ပုံငွေ ထူထောင်နိုင်ရန်နှင့် တိုးပွားရရှိလာအောင် ဆောင်ရွက်ပေးခြင်းအစရှိသည့် အချက် (၅) ချက်အား အခြေခံအကောင် အထည်ဖော် ဆောင်ရွက်လျက်လည်းရှိပါသည်။ ထို့အပြင် ပြန်ကြားရေးဝန်ကြီး ဌာန အနေဖြင့် စာပေဈေးကွက် ကျယ်ပြန့်လာရေးအတွက် ပြည်တွင်းသာမက ပြည်ပကိုပါ ထိုးဖောက်ဖြန့်ချိနိုင်ရန် နိုင်ငံတကာအသိအမှတ်ပြု စာနယ်ဇင်း နံပါတ် (ISSN)၊ နိုင်ငံတကာ အသိအမှတ်ပြုစာအုပ်နံပါတ် (ISBN) များရရှိ ရေးတို့အတွက်ပါ ဆောင်ရွက်နေပြီဖြစ်ပါသည်။ သို့သော်လည်း ယင်းအခြေခံ များအား နိုင်ငံတော်အပိုင်းကသာ ရေရှည်အပြည့်အဝ ဆောင်ရွက်ဖြည့်ဆည်း နိုင်စွမ်း မရှိနိုင်သကဲ့သို့ စာပေလောကသားများအပိုင်းကချည်းသာ ဆောင်ရွက် ဖြည့်ဆည်းရန်လည်း မစွမ်းသာနိုင်ကြောင်း သုံးသပ်ကြရပါဦးမည်။ သို့ဆို လျှင် မည်သူတွေက မည်သို့ ပူးပေါင်းပါဝင် ဖြည့်ဆည်းဆောင်ရွက်ပေးကြပါ မည်နည်း။

ကျေးလက်စာကြည့်တိုက်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် အဓိက အချက်များကို အကျဉ်းချုံးဆိုရပါလျှင် စာကြည့်တိုက်များအား ကိုင်တွယ်ထိန်း သိမ်းမည့် လူ့အရင်းအမြစ်၊ ရန်ပုံငွေနှင့် အုပ်ချုပ်မှုစနစ်ဟူ၍ အပိုင်းသုံးပိုင်း တွေ့ရပါမည်။ ယင်းတို့အား ဖြည့်ဆည်းပေးရန် နိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်း ရှင်ကြီးများ၊ ငွေကြေးချမ်းသာ ကြွယ်ဝသော ပုဂ္ဂိုလ်ကြီးများနှင့် စာကြည့်တိုက် ပညာဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင်ပညာရှင်ကြီးများ ပေါင်းစပ်ပါဝင် ဆောင် ရွက်ပေးကြလျှင် ပိုမိုပြည့်စုံအောင်မြင်လာမည်ဟု ယုံကြည်ရပါသည်။ နိုင်ငံ တကာတွင် ယင်းသို့သော စီးပွားရေးလုပ်ငန်းရှင်များနှင့် တတ်သိပညာရှင်များ ပေါင်းစပ်ဖွဲ့စည်းတည်ထောင်ထားသည့် အသင်းအဖွဲ့များ၊ ဖက်စပ်ကော်ပို ရေးရှင်းကြီးများ၊ အစိုးရ မဟုတ်သော နှစ်နိုင်ငံပူးတွဲတည်ထောင်ထားသည့် ကုမ္ပဏီကြီးများက ယင်းလုပ်ငန်းများကို တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ကြရပါသည်။ ထိုသို့သော အသင်းအဖွဲ့ ကြီးများကတစ်ဆင့် ဒေသတွင်း စာကြည့်တိုက်အဖွဲ့အစည်းများ၊ ကမ္ဘာလုံး ဆိုင်ရာ စာပေအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး စာကြည့်တိုက်ပိုင်းဆိုင်ရာ လူ့အရင်းအမြစ်၊ ရန်ပုံငွေနှင့်အုပ်ချုပ်မှုစနစ်များတိုးတက်သည်ထက်တိုးတက် အောင် ဆောင်ရွက်လာကြလျက်ရှိပါသည်။ ထို့အပြင် စာသင်ကျောင်းများ အထိ ကွင်းဆင်းလေ့လာ၍ ကလေးသူငယ်များ စာဖတ်အလေ့အထ ဖွံ့ဖြိုး လာရေးကိုပါ တိုးမြှင့်ဆောင်ရွက်လျက် ရှိနေကြပြီဖြစ်ပါသည်။

ဥပမာအားဖြင့် တရုတ်နိုင်ငံတွင် China Literacy Foundation Limited၊ အိန္ဒိယနိုင်ငံတွင် Book of Trust အဖွဲ့အစည်း၊ စင်ကာပူနိုင်ငံတွင် National Book Development Council၊ ဖိလစ်ပိုင်၊ နီပေါနှင့်ဗီယက်နမ် နိုင်ငံတို့တွင် Asia Trust Fund၊ လာအိုနိုင်ငံတွင် Books Box Library and the Language Project၊ အရှေ့တောင်အာရှဒေသအတွက် ASEAN Libraries Organization၊ အာရှဒေသအတွက် Asia Foundation အစရှိသော နိုင်ငံအလိုက် အဖွဲ့အစည်းများက ၎င်းတို့၏ စာပေနှင့် ဘာသာ စကားများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး၊ ပြည်သူများ စာဖတ်အလေ့အထ ပိုမို မြင့်တက်လာရေး၊ စာကြည့်တိုက် အရင်းအမြစ်နှင့် ရန်ပုံငွေများ တိုးပွား လာရေး၊ စာပေဈေးကွက် ပိုမိုကျယ်ပြန့်လာရေး အစရှိသည်တို့အတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသအဆင့် တွင်လည်း အာဆီယံစာကြည့်တိုက်များ အဖွဲ့အစည်း၏ စာဖတ်သည့် အလေ့အထ မြှင့်တင်ရေးဆိုင်ရာ ကွန်ဖရင့်များအား အချိန်ကာလအလိုက် သင့်လျော်သလို ကျင်းပဆောင်ရွက်ပေးလျက်ရှိပါသည်။ အာဆီယံစာကြည့် တိုက်များ အဖွဲ့အနေဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းရှိ စာပေဆိုင်ရာ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ တစ်ဦးချင်းအလိုက် သော်လည်းကောင်း ချိတ်ဆက်ပြီး စာဖတ်အလေ့အထ မြှင့်တင်ရေးလုပ်ငန်း များကို ဆောင်ရွက်ပေးနေကြပါသည်။ အလားတူပင် တရုတ်နိုင်ငံ၊ အိန္ဒိယ နိုင်ငံတို့တွင်လည်း Book Promotion များ ပြုလုပ်ပေးပြီး မိမိနိုင်ငံအလိုက် ပြည်သူများအား စာဖတ်အကျင့် တိုးပွားလာအောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံတွင်လည်း စာပေအပေါ်စိတ်ဝင်စားမှုရှိသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်ကြီး အချို့အနေဖြင့်လည်းကောင်း၊ ငွေကြေးတတ် နိုင်သော စာပေဝါသနာရှင်နှင့် ပညာရှင်အချို့အနေဖြင့်လည်းကောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ မရှိမဟုတ် ရှိကြပါသည်။ ယင်းတို့မှာ ပခုက္ကူဦးအုံးဖေ၊ ထွန်းဖောင်ဒေးရှင်း၊ သုတစွယ်စုံ နှင့်ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ၊ စာမူဆုပေးပွဲများဖြစ်ကြပါသည်။ သို့သော်လည်း မျက်မှောက်အချိန်တွင် ယင်းကဲ့သို့သော စာပေဆုပေးပွဲမျှ နှင့် တင်းတိမ်ကျေနပ်၍ မရတော့ဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ မိမိ၏ပြည်သူလူထု စာဖတ်အလေ့အထ မြင့်တက်လာအောင် စွမ်းဆောင်နိုင်ဖို့ မှာ အရေးကြီးသော အမျိုးသားရေး လိုအပ်ချက်တစ်ရပ် ဖြစ်လာပါသည်။

ထို့ကြောင့် စာကြည့်တိုက်ပညာဆိုင်ရာ တတ်သိ ပညာရှင်များ၊ စာပေပညာရှင်ကြီးများနှင့် စီးပွားရေး လုပ်ငန်းရှင်ကြီးများ ပူးပေါင်း၍ ကျေးလက် စာကြည့်တိုက်များ၏ လူ့အရင်းအမြစ်၊ ရန်ပုံငွေနှင့် အုပ်ချုပ်မှု စနစ်ပိုင်းဆိုင်ရာများကို ရေရှည်ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက် ဖောင်ဒေးရှင်းကြီးများ၊ အသင်းအဖွဲ့ကြီးများကို ထူထောင်ကြရပါမည်။ ယင်း ဖောင်ဒေးရှင်းကြီးများသည် ပြည်တွင်းမှာသာမက ဒေသတွင်း၊ ကမ္ဘာအတွင်း နိုင်ငံတကာဆိုင်ရာ စာပေအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရယူပြီး မိမိနိုင်ငံ၏ စာကြည့်တိုက်နှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစိုက်မတ်မတ် ရည်ရွယ် ချက်ထား အကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါသည်။အလားတူ ယင်းဖောင်ဒေးရှင်း၊ အဖွဲ့အစည်းများ အနေဖြင့် တစ်ဖက်၌ ပြည်သူများ စာဖတ်အလေ့အထ မြင့်တက်လာစေရန်အတွက် လူငယ်များ၊ ကလေး သူငယ်များမှစ၍ လိုအပ်သော လေ့ကျင့်ပျိုးထောင် ပေးခြင်းများကိုပါ ပြုလုပ် ပေးသွားကြရပါတော့မည်။ စာဖတ်အလေ့အထ တိုးပွားလာရေးအတွက် အဓိက ပျိုးထောင်ပေးရမည့်ပစ်မှတ်မှာ ကျောင်းနေအရွယ်ကလေး သူငယ် များဖြစ်သည့်အလျောက် မြို့ပြ၊ ကျေးလက်အပါအဝင် သက်ဆိုင်ရာ တည်ရှိပြီး စာသင်ကျောင်းများ၌ ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ စာကြည့်တိုက် လူ့အရင်းအမြစ်နှင့် ရန်ပုံငွေများ မတည်ပေးခြင်း၊ ရိုးရိုး စာကြည့်တိုက်မှ ခေတ်နှင့်အညီ အီလက်ထရွန်နစ် စာကြည့်တိုက်အဆင့် အထိ ဖြစ်ပေါ်လာစေရေး အကောင်အထည်ဖော် ပံ့ပိုးဆောင်ရွက်ပေးသွား ကြရမည် ဖြစ်ပါသည်။ထို့အပြင်သင့်တော်သော စာသင်ကျောင်းများ အလိုက် ရွေးချယ်၍ကလေးများအတွင်း စာဖတ်စွမ်းရည် ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ Reading Camp, Reading Contest, Book Talk, Creative Poetry Picture Book, Story Hour များ ပြုလုပ်ပေးခြင်းဖြင့် စာဖတ် အကျင့်တိုးပွားလာအောင် ဆောင်ရွက်ပေးသင့်ကြပြီဖြစ်သည်။ အထက်ပါ ဖောင်ဒေး ရှင်း၊ အသင်းအဖွဲ့ကြီးများနှင့် ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိသူများ စုစည်း ပါဝင်သော ပြည်သူများ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

စာကြည့်တိုက်ပညာဆိုင်ရာ တတ်သိပညာရှင်များ၊ စာပေပညာရှင်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ ပူးပေါင်း၍ ကျေးလက်စာကြည့်တိုက်များ၏ လူ့အရင်းအမြစ်၊ ရန်ပုံငွေနှင့် အုပ်ချုပ်မှုစနစ်ပိုင်းဆိုင်ရာများကို ရေရှည်ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက် ဖောင်ဒေးရှင်းကြီးများ၊ အသင်းအဖွဲ့ကြီးများကို ထူထောင်။

ပြည်တွင်းမှာသာမက ဒေသတွင်း၊ နိုင်ငံတကာဆိုင်ရာ စာပေအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရယူပြီး မိမိနိုင်ငံ၏ စာကြည့်တိုက်နှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစိုက်မတ်မတ် ရည်ရွယ်ချက်ထား အကောင်အထည်ဖော်။

ပြည်သူများ စာဖတ်အလေ့အထ မြင့်တက်လာစေရန်အတွက် လူငယ်များ၊ ကလေးသူငယ်များမှစ၍ လိုအပ်သော လေ့ကျင့်ပျိုးထောင်ပေးခြင်းများကိုပါ ပြုလုပ်။

မြို့ပြ၊ ကျေးလက်အပါအဝင် သက်ဆိုင်ရာ တည်ရှိပြီး စာသင်ကျောင်းများ၌ ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်၊ ခေတ်နှင့်အညီ အီလက်ထရွန်နစ်စာကြည့်တိုက်အဆင့်အထိ ဖြစ်ပေါ်လာစေရေး အကောင်အထည်ဖော်။

ကလေးများအတွင်း စာဖတ်စွမ်းရည် ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် စာဖတ်အကျင့်တိုးပွားလာအောင် ဆောင်ရွက်ပေး။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တွံတေးမြို့နယ်တလုပ်ထော် ကျေးရွာအုပ်စု ကွမ်းခြံနှင့် ဈေးသစ် ရပ်ကွက်တို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တွံတေးမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဝန်ကြီးဦးစိုးသာနှင့် ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၃၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းတို့သည် ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် တလုပ်ထော်ကျေးရွာ ရွာမကျောင်း တိုက်၌ တလုပ်ထော်ကျေးရွာအုပ်စု ကွမ်းခြံနှင့်ဈေးသစ်ရပ်ကွက်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် ဝန်ကြီးဦးစိုးသာတို့က အမှာ စကားပြောကြားကြသည်။

ထို့နောက် ဝန်ကြီးဦးစိုးသာနှင့်ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းတို့သည် တလုပ်ထော်ကျေးရွာအုပ်စု ကွမ်းခြံနှင့် ဈေးသစ်ရပ်ကွက်တို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် သာသနိကအဆောက် အအုံများ ပြုပြင်မွမ်းမံရန်၊ တလုပ်ထော်၊ မူးလမန်း၊ တောင်ကုန်းကျေးရွာတို့၌ လမ်းနှင့်တံတား ပြုပြင်တည်ဆောက်ရန် တို့အတွက် ပံ့ပိုးဖြည့်ဆည်းပေးကြသည်။ ထို့အပြင် ကျေးရွာများနှင့် ရပ်ကွက်များ၌ အများသုံး တယ်လီဖုန်း တပ်ဆင်ရေး၊ အခြေခံပညာကျောင်းများအတွက်စာရေး ခုံများရရှိရေးနှင့် စာသင်ဆောင်များ ပြုပြင် ဆောက်လုပ်ရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ၊ လျှပ်စစ်မီး ရရှိရေးလုပ်ငန်း များနှင့်အများသုံးစက်ရေတွင်းတူးဖော်ရေး လုပ်ငန်းများအတွက်လုပ်ငန်းဆိုင်ရာလိုအပ် ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ဆေးတက္ကသိုလ်များမှ တော်ဝင်သမားတော်ဘွဲ့ ရွေးချယ်စေလွှတ်ရေးကိစ္စ၊ ဘွဲ့လွန် ဆေးပညာသင်ကြားရေးကိစ္စ၊ အထူး ကုဆရာဝန်ကြီးများ၏ အခွင့်အလမ်း တိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တွင် အမှာစကားပြောကြားစဉ်။

(ကျန်းမာရေး)

တော်ဝင်သမားတော်ဘွဲ့ရွေးချယ်စေလွှတ်ရေးနှင့် ဘွဲ့လွန်ဆေးပညာသင်ကြားရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံ ပညာဦးစီးဌာန ဆေးတက္ကသိုလ်များမှ တော်ဝင်သမားတော်ဘွဲ့ရွေးချယ်စေလွှတ် ရေး၊ ဘွဲ့လွန်ဆေးပညာ သင်ကြားရေး၊ အထူးကုဆရာဝန်ကြီးများ၏ အခွင့် အလမ်း တိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကို မတ် ၂၂ ရက်နံနက် ၁၀နာရီတွင် ဆေး တက္ကသိုလ်(၁)ရန်ကုန်အစည်းအဝေးခန်းမ၌ ကျင်းပရာကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာ စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်နှင့် မန္တလေး ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးလက်တွေ့ဘာသာရပ်များမှပါမောက္ခ၊ ဌာနမှူးများက ဆေးတက္ကသိုလ်များ အလိုက် တော်ဝင်သမားတော်ဘွဲ့ စိစစ် ရွေးချယ်ထားမှုများ၊ ဘာသာရပ်အလိုက် ဘွဲ့လွန်သင်တန်းများ စိစစ်ရွေးချယ်ထား မှုများကိုရှင်းလင်းတင်ပြကြရာတက်ရောက် လာကြသူများကအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက ဆွေးနွေးတင်ပြ ချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်း အဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

စိန်မိုက်ကယ်ကျောင်း ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ပြုစုကုသ

ရန်ကုန် မတ် ၃၀

စိန်မိုက်ကယ်ကျောင်း ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးနှင့် အထွေ ထွေ စောင့်ရှောက်မှုလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် နှစ်စဉ်ကန်တော့ခံ လျက်ရှိသော ဆရာကြီး၊ ဆရာမကြီး ၄၉ ဦးတို့အားပထမအကြိမ်အထူးကျန်းမာရေး ဆေးစစ်ခြင်းအခမ်းအနားကို မတ်၂၉ရက် နံနက်ပိုင်းကရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်း လမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးနှင့် အထွေထွေစောင့်ရှောက် မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒုတိယဗိုလ်မှူး ကြီးမောင်မောင်အေး(အငြိမ်းစား)နှင့် ကော်မတီဝင်များကဆရာကြီး၊ ဆရာမကြီး များအားဆရာဝန်ကြီးများနှင့်ကျန်းမာရေး ဝန်ထမ်းများက နှလုံး၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ အဆုတ်၊ အသည်းနှင့် မျက်စိ ရောဂါများအား ရှာဖွေစစ်ဆေးပေးနေမှု များကို လိုက်လံကြည့်ရှုအားပေးသည်။

ကျန်းမာရေး ဆေးစစ်ခြင်းအခမ်း အနားအပြီးတွင် လစဉ်ထောက်ပံ့ပေး လျက်ရှိသော ဆရာကြီး၊ ဆရာမကြီးများ အား ထောက်ပံ့ငွေများကို ကော်မတီဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများ က ပေးအပ်ကြသည်။ **(အပေါ်ပုံ)**ကျန်းမာ ရေး ဆေးစစ်မှုခံယူပြီး ရေရှည်ဆေးဝါး ဆက်လက်ကုသရန်လိုအပ်သောဆရာကြီး၊ ဆရာမကြီးများအားဆက်လက်၍ဆေးဝါး ကုသပေးမည်ဖြစ်ကြောင်းသိရှိရသည်။

(ကြေးမုံ)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်များလှူဒါန်း

ရန်ကုန် မတ် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနက (၆၄)နှစ်မြောက် တပ်မ တော်နေ့အထိမ်းအမှတ် ဓာတ်ပုံ၊ နံရံကပ် စာစောင်၊ စာအုပ်ပြပွဲနှင့် တီဗွီလှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၆ ရက်က လှိုင် သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင် သိန်းမောင်ကအဖွင့်အမှာစကားပြောကြား ပြီး အလှူရှင်များဖြစ်ကြသော ဗီဒီယို အခြေခံအဖွဲ့မှ ရောင်စုံရုပ်မြင်သံကြား စက်တစ်လုံးကို လည်းကောင်း၊ ကိုမိုးနှင်း-မခင်မာဝင်း ရွှေဆိုင်မှ ရောင်စုံရုပ်မြင် သံကြားစက်တစ်လုံးကို လည်းကောင်း၊ ရွှေပွင့်၊ ရွှေဝါဖူးနှင့် ရွှေမင်းသမီး ကွန်ပျူတာ မိတ္တူဆိုင်တို့မှ ရောင်စုံရုပ်မြင် သံကြားစက် တစ်လုံးကို လည်းကောင်း၊ ဒေါက်တာသန်းအောင်မိသားစုကငွေကျပ် နှစ်သောင်းငါးထောင်တန်ဖိုးရှိ စာအုပ် မျိုးစုံကို လည်းကောင်း၊ ကိုကျော်စွာ ဆိုင်ကယ်ပြင်ဆိုင်က ငွေကျပ်နှစ်သောင်း ငါးထောင်တန်ဖိုးရှိ စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌက လက်ခံ ရယူ၍ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်ဖြူဖြူက ကျေးရွာစာကြည့် တိုက်များ ရှင်သန်ခိုင်မာရေး ရှင်းလင်း ပြောကြားပြီး ကျေးရွာကိုယ့်အား ကိုယ်ကိုး

စာကြည့်တိုက်များသို့ ရောင်စုံရုပ်မြင် သံကြားပြစက်များကို ထပ်ဆင့်ပေးအပ် လှူဒါန်းရာ ရွှေလင်ပန်းကျေးရွာ၊ စကင် ကျေးရွာနှင့် အတွင်းပဒံကျေးရွာတို့မှ ဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးများက လက်ခံ ရယူကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကန်တော်ကြီး သောက်ရေကန် ခြံစည်းရိုး ကာရံခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၆ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဝင်းတို့ အနီးကပ်ကြီးကြပ် ဆောင်ရွက် စဉ်။

(၃၈၃)

❁ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

စာဖတ်အလေ့အထ မြှင့်တင်ရေးဆိုင်ရာ လူထု လှုပ်ရှားမှု ပြိုင်ပွဲ၊ ပြပွဲကြီးများကိုပါ အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် အချိန်တန်နေပြီ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော်စာပေဈေးကွက် ကျယ်ပြန့်လာစေရေးနှင့် စာဖတ်အလေ့အထ တိုးမြှင့်လာရေးတို့အတွက် နိုင်ငံအတွင်းရှိ ငွေကြေးချမ်းသာကြွယ်ဝသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်ကြီးများသည်လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးသည် လည်းကောင်း တစ်ဦးတစ်ယောက်မှသည် အသင်းအဖွဲ့လိုက် အထိ ပူးပေါင်းဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်ပါ သည်။နိုင်ငံနှင့်လူမျိုး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံစသည်တို့ မှေးမှိန်သွားခြင်းမရှိ စေရန်နှင့် ပျောက်ပျက်သွားခြင်း မရှိစေရန်မှာ နိုင်ငံသား တစ်ဦး ချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအားများအထူးကောင်း နေရန် လိုအပ်ကြောင်းကို နိဒါန်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါ သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသား အားလုံးအနေဖြင့် ကိုယ်ခံအားများ ကောင်းလာစေရန်အတွက် စာဖတ် အလေ့အထမြှင့်တင်ခြင်းဟူသည့် လုပ်ငန်းတာဝန်တစ်ရပ် ကို အမျိုးသားရေး တာဝန်တစ်ခုအနေဖြင့် ခံယူကြရပါ မည်။ တစ်နည်းအားဖြင့် မြန်မာစာပေ၊ မြန်မာစာပေ လောကနှင့် စာဖတ်သူပြည်သူလူထုတစ်ရပ်လုံး ချိတ်ဆက် ပါဝင်လည်ပတ်နေသော ယန္တရားစက်ဝန်းကြီးကို လည်ပတ်မှု အရှိန်အားကောင်းသထက်ကောင်း၊ မြင့် သထက်မြင့်လာစေရန် စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက် သွားကြနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။

ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲကျင်းပ

ရန်ကုန် မတ် ၃၀

၂၀၀၉ ခုနှစ် မြို့နယ်အဆင့် မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲ ကို မတ် ၂၁ရက်က နွားထိုးကြီးမြို့ မြို့မအခြေခံပညာ အထက်တန်းကျောင်း (ခွဲ)ခန်းမ၌ ကျင်းပရာမြို့နယ်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မ၊ ဝက်လူး၊ ကန်နားနှင့် ပြင်စည်ရဲစခန်းများမှ အရာရှိ နှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၈၁ဦးတို့ ဝင်ရောက်ဖြေဆိုကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းဝင်းနှင့် မြို့မ ရဲစခန်းမှူး ရဲအုပ်ခင် မောင်စိုးတို့က ကြီးကြပ်ဆောင် ရွက် ပေးကြသည်။

(၉၄)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၈ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုရရှိသော အောင်သာဆန်း(သံတွဲ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❀ **ရွှေဖုံးမှ**

ဆက်လက်၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ပခုက္ကူဦးအုံးဖေ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုရရှိကြသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မကြူကြူဆွေ(ဒုတိယနှစ် ပန်းချီအထူးပြု)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ပြည့်ဖြိုးအောင် (ပထမနှစ် ပန်းချီအထူးပြု)၊ ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရ မောင်ဖြိုးပြည့်စုံငြိမ်း (မုံရွာတက္ကသိုလ်)၊ မသိမ့်သိမ့်ဖြိုး(ရတနာပုံ တက္ကသိုလ်)၊ မောင်ထင်လင်းအောင်(ရတနာပုံတက္ကသိုလ်)နှင့် မနီလာထွန်း (ရတနာပုံတက္ကသိုလ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာဘာသာရပ်တွင် ပထမဆုရ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်း ကျောင်းမှ မောင်ဖြိုးမင်းဟန်၊ ဒုတိယဆုရ ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဖြိုးသဥ္ဇာခင်၊ တတိယဆုရ ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်အေးချမ်းကျော်ကျော်၊ အင်္ဂလိပ်ဘာသာရပ်တွင် ပထမဆုရ မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မမေသူဇော်၊ ဒုတိယဆုရ မိုးညှင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်ဇင်နှင့် တတိယဆုရ မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဘရဏီစိုးစိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ပညာရည်ချွန်ဆု သင်္ချာဘာသာရပ်တွင် ပထမဆုရ ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မဆုရည်နှင်း၊ ဒုတိယဆုရ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မမေသူကျော်၊ တတိယဆုရ လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဖြိုးအောင်ကျော်၊ ဓာတုဗေဒဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်တို့တွင် ပထမဆုရ ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဝေမွန်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ပညာရည်ချွန်ဆု ဇီဝဗေဒဘာသာရပ်တွင် ပထမဆုရ လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဖြိုးအောင်ကျော်၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုရ ဇလွန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ပြည့်သျှံအောင်၊ပထဝီဘာသာရပ်တွင် ပထမဆုရ ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မယဉ်ယဉ်သန်း၊ သမိုင်းဘာသာရပ်တွင် ပထမဆုရ ဟိုပင်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မျိုးဖြူနှင့် စိတ်ကြိုက်မြန်မာစာဘာသာရပ်တွင် ပထမဆုရ ကန်ကြီးထောင့်မြို့နယ် ဒါးကမှ မသက်နှင်းဝေတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၀၈ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ တစ်သက်တာ စာပေဆုရ ဆရာကြီး ဒေါက်တာ ကျော်စိန်က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆုရွေးချယ်ရေး အဖွဲ့ဝင်များသည် ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

❋ **အပင်မှ**

ဆေးရွက်ကြီးပင်ကို ကမ္ဘာတစ်ဝန်းတွင် စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ်သက်သာသဖြင့် ပရိုတိန်း ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ဆေးရွက်ကြီးမှ ဆေးဝါးသစ်များထုတ်လုပ်ရန် လေ့လာသင့်ကြောင်း သုတေသီများက တိုက်တွန်းသည်။

ဆေးရွက်ကြီးပင်သည် ထူးဆန်းသည့် အပင်တစ်မျိုးဖြစ်နိုင်ကြောင်း၊ ဆေးရွက်ကြီးပင်ကို အလွယ်တကူ မျိုးဗီဇပြုပြင်ပြောင်းလဲနိုင်ပြီး တစ်ခုတည်းသော ကလာပ်စည်းမှ အပင်အဖြစ်သို့ စိုက်ပျိုးနိုင်ကြောင်း၊ အခြားအပင်များမှ ပရိုတိန်း ထုတ်လုပ်နိုင်သော်လည်း ဆေးရွက်ကြီးမှ ထုတ်လုပ်ခြင်းထက် ကုန်ကျစရိတ်အလွန်များပြားမည်ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

အင်တာနက်။

❖ **ရွှေမန်းသူ**

ဘောဂသီရိကားဝင်းမှ ညနေ ၆ နာရီတွင် ပြန်လည်ထွက်ခွာ၍ ရန်ကုန်မြို့ ရွှေမန်းသူကားဝင်းသို့ ထိုနေ့ည ၁၁ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ယာဉ်သစ်ကြီး ၁၀ စီးထားရှိကာ အသွား/အပြန် လေးစီးမှ ငါးစီးထိ ပြေးဆွဲမည်ဖြစ်ပြီး ယာဉ်စီးခမှာ တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၊ ရေသန့်နှင့် စနိုးတာဝါများဖြင့် ဝန်ဆောင်မှုပေး ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် အမျိုးသမီးထုတ်ဝေသူများ စာအုပ်ဈေးရောင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၃၀

စတုတ္ထအကြိမ်မြောက် အမျိုးသမီးထုတ်ဝေသူများ စာအုပ်ဈေးရောင်းပွဲကို မတ် ၂၇ ရက်မှ ဧပြီ ၅ ရက်အထိ ၁၀ ရက်တိုင်တိုင် ရန်ကုန်မြို့ ပန်းဆိုးတန်း အောက်ဘလောက်ရှိ လောကနတ် အနုပညာခန်းမ၌ အထူးလျှော့ဈေး ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ရောင်းချပေးနေပြီဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတွင် ပြုံးစာပေမှ ခင်ဆွေဦး၏ နှင်းဆီများရဲ့လေချွန်သံ၊ မြနှောင်းညို၏ သည်ဘက်ကမ်းမှ လွမ်းကိန္နရီ၊ ဇွန်ပွင့်စာအုပ်တိုက်မှ သိန်းဖေမြင့်၊ မြသန်းတင့်တို့၏ နွံထဲကကြာ၊ နေရီရီစာအုပ်တိုက်မှ ဒဂုန်တာရာ၏ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ၊ ရန်အောင်စာပေမှ သက်လင်း၏ မီလ်တန်အဲရစ်ဆင်၏ စိတ်ကုထုံးများ၊ ရန်အောင်၏ အညာသားကလေး၊ တင်အောင်သွင်၏ အံ့မခန်းဖြစ်ရပ်ဆန်းများ၊ ရန်အောင်(၂)စာပေမှ လင်းယုန်မောင်မောင်၏ မှောင်မိုက်သောနေ့ရက်များ၊ သုမောင်၏ အချစ် - ၂ စာအုပ်၊ ကံ့ကော်ဝတ်ရည်စာပေမှ ဇဝန၏ ကောလိပ်ဂျပိုး၊ မင်းလူ၏ ခိုးခိုးခစ်ခစ်၊ မောင်ဖေငယ်၏ ဘကြီးတော်မင်း စာအုပ်များ၊ ပုဂံစာအုပ်တိုက်မှ Franz Kafka ၏ The Castle ကို နတ်နွယ် မြန်မာပြန်ထားသော ရဲတိုက်ကြီး၊ Daphne du Maurier ၏ My Cousin Rachel ကို တင်မောင်မြင့် မြန်မာပြန်ထားသော မမရေချယ် **(အောက်ပုံ)**စသော စာအုပ်အသစ်များနှင့် မျိုးဆက်သစ်စာပေမှ စာအုပ် အမျိုးအစား စုံလင်စွာ ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အထက (၂) လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၀

အထက(၂) လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ သိင်္ဂါရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် အဝေးရောက်ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဆရာဦးမင်းဇော် ဖုန်း-၅၂၂၂၅၀၊ လိုင်းခွဲ - ၂၄၀၊ ဦးမောင်မောင်(ရွှေစံအိမ်) ဖုန်း-၀၉ ၅၀၁၉၄၈၄၊ ဦးကြည်သန်း ဖုန်း-၇၂၁၇၅၁၊ ဒေါ်စန်းစန်းဝင်း ဖုန်း - ၇၂၅၆၀၈၊ ဦးအုန်းကြူ ဖုန်း-၀၉၅၁၀၁၂၈၆၊ ဦးရဲနိုင်လင်း ဖုန်း-၀၉၅၁ ၀၀၃၉၃၊ ဦးရွှေသိုက် ဖုန်း-၅၀၀၄၆၀၊ ဦးမျိုးမြတ်သူ ဖုန်း-၀၉၈၀ ၃၄၇၁၀ နှင့် ဦးမျိုးခင် ဖုန်း-၀၉၅၁ ၈၇၅၄၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှုတက္ကသိုလ် မြို့ပြကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၃၀

၁၉၈၇ ခုနှစ်နှင့် ၁၉၉၁ ခုနှစ် စက်မှုတက္ကသိုလ် (မြို့ပြ) ကျောင်းဆင်း ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၄ ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M-3 Food Centre ၌ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကိုသန်းဝင်း ဖုန်း-၀၉ ၅၀၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉ ၅၁၇၉၁၁၀၊ ကိုကိုအေး ဖုန်း-၀၉ ၅၁၁၉၀၇၀၊ ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉ ၅၀၃၃၅၅၈၊ ကိုဌေးဝင်း ဖုန်း-၀၉ ၅၀၄၇၃၆၀၊ ကိုစန်းကြူ ဖုန်း-၀၉ ၅၀၅၂၂၀၀၊ ကိုအောင်ကျော်လွင် ဖုန်း-၀၉ ၂၀၄၄၂၀၄၊ ကိုခင်ဇော်ဝင်း ဖုန်း-၀၉ ၂၀၀၂၃၈၃၊ မချိုချိုသင်းကြည် ဖုန်း-၆၄၄၉၈၇၊ မရီရီခင် ဖုန်း-၀၉ ၅၀၀၃၂၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည့်အပြင် နီးစပ်ရာစာသင်နှစ်အလိုက် ဆရာ၊ ဆရာမများအား လှူဒါန်းလိုသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများလည်း ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈ - ၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ် ကတ္တရာထပ်ပိုးလွှာခင်း မြို့သစ်လမ်းကို မတ် ၂၅ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖုန်းထက်နိုင်မြင့်၊ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဦးကျော်ဌေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးဆိုင်ရာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဧပြီ ၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် Zifam Co., ၏ ပံ့ပိုးကူညီမှုဖြင့် အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက Antioxidant & Your Health ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“ငြိမ်မှငြိမ်း၍နိဗ္ဗာန်တွေ့”တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅ - ၁း၅၅	အင်းအလှနဲ့ သစ်ခွသဘင်အပိုင်း (၁)
၈း၁၀ - ၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅ - ၂း၁၅	Sunday Talk
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	“အင်း” ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	ကျော်သွားမှာလား····ဖော်စားမှာလား (ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမန်အောင်အောင်) (ဒါရိုက်တာ- အကယ်ဒမီ မလိခစိုးထိုက်အောင်)
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	ဝါယာသာစည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်နေသော ဓနိတောစံပြကျေးရွာ
၁၁း၁၅ - ၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	ခံစားချက်တို့ပေါင်းဆုံရာ···ငပလီကမ်းခြေသာ
၁၁း၄၀ - ၅း၄၀	Music Gallery (April Queens- ဧပြီကြေရီများ)
၁၂း၀၅ - ၆း၀၅	သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁၂း၂၅ - ၆း၂၅	သူတို့ပြောတဲ့ သူတို့အကြောင်း (ဒါရိုက်တာ ဦးကြည်စိုးထွန်းနှင့် တွေ့ဆုံခြင်း)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

U-21 International Friendly ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	ပြသမည့်လိုင်း
၁း၂၅	**England - France**	**STAR SPORTS (Live)**

လ၏ ဆွဲငင်အားကြောင့် ပင်လယ်သမုဒ္ဒရာရေများ တစ်နေ့လျှင် နှစ်ကြိမ် အတက်အကျဖြစ်ရခြင်းကို လက်တွေ့ကျစွာ ရှင်းလင်းတင်ပြထားသည်။

❍ နက္ခတ်တာရာသိပ္ပံမှ

ဂှင်းအပြင် ကြယ်တာရာများ၏ ဖွဲ့စည်းတည်ရှိပုံ၊ ကမ္ဘာမြေကြီး၏ ဆွဲငင်အားတို့အကြောင်းကို သိရှိနိုင်ရန် မိမိကိုယ်တိုင် စက်ခလုတ်များနှိပ်၍ စမ်းသပ်လေ့လာနိုင်မည်ဖြစ်သည်။

ရွေးချယ်ကြည့်ရှုနိုင်

ထို့မှတစ်ဖန် ပြပွဲဆောင်အတွင်းတွင် နောက်ဆုံးပေါ် နက္ခတ်တာရာပြစက်များဖြင့် ရင်သပ်ရှုမောဖွယ်ရာ အာကာသအတွင်းမှ မြင်ကွင်းများ၊ ရေအောက်ကမ္ဘာ မြင်ကွင်းများအား မိမိကိုယ်တိုင် အာကာသအတွင်း ရောက်ရှိနေသည့်အလား၊ ပင်လယ်ရေနက်ထဲသို့ ရောက်ရှိသွားသည့်အလား စိတ်လှုပ်ရှားဖွယ်၊ စိတ်ဝင်စားဖွယ် ခံစားတွေ့မြင်နိုင်စေရန် ဖန်တီးတင်ဆက်ထားသည့် ပြပွဲများကိုလည်း ရွေးချယ်ကြည့်ရှုနိုင်မည် ဖြစ်သည်။

တင်ဆက်ပြသ

နေအဖွဲ့အစည်းပါဝင်သည့် ကျွန်ုပ်တို့ စကြဝဠာကြီးအကြောင်းကို အာကာသအတွင်းရှိ လှည့်လည်သွားလာနေကြသော အရာများအားလုံး အလုံးစုံပါဝင်အောင် တင်ဆက်ထားသည့် စကြဝဠာဆိုင်ရာပညာများ၊ ကောင်းကင်ယံတွင် အမြဲမြင်တွေ့နေရသည့် နေ၊ လ၊ ကြယ်၊ ဂြိုဟ်များအပြင် ရံဖန်ရံခါ တွေ့မြင်ရတတ်သည့် နေကြတ်ခြင်း၊ လကြတ်ခြင်း၊ ကြယ်တံခွန်များ၊ ကြယ်ကြွေခြင်းများကို အစပြု၍ လူတို့ နက္ခတ်တာရာအပေါ် စိတ်ဝင်စားမှုဖြစ်ပေါ်လာစေရန် အသေးစိတ် တင်ဆက်ပြသထားသည်။ ယနေ့ ခေတ်မီတိုးတက်သော အာကာသယာဉ်များဖြင့် စကြဝဠာသို့ တိုင်အောင် သွားရောက်၍ အလွန်ဝေးကွာသော အရပ်ဒေသရှိ အရာများကိုပင် ဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ယူနေနိုင်ပြီဖြစ်ကြောင်းနှင့် အာကာသအတွင်း ကြယ်ပေါက်ကွဲမှုများ၊ ဂြိုဟ်များဖြစ်တည်လာပုံများ၊ အာကာသတွင်းနက်ကြီးများ အကြောင်းကို ဗဟုသုတရဖွယ်ရာ ပညာပေးတင်ဆက်မှုကို အဆင့်မြင့် အအေးခန်းအဆောက်အအုံကြီးအတွင်း ဆိုဖာဆက်တီများဖြင့် စမတ်ကျနစွာ ကြည်လင်ပြတ်သား ကြည့်ရှုချင်စဖွယ် တင်ဆက်ပြသမည် ဖြစ်သည်။

ဇာတ်လမ်းကောင်းတစ်ပုဒ်

ထို့အပြင် ကလေးများအတွက် အထူးပြုလုပ်ထားသည့် ရေအောက်ကမ္ဘာဆိုင်ရာ ပညာပေးကာတွန်း ဇာတ်လမ်းကောင်း တစ်ပုဒ်ကိုလည်း ပြသသွားမည်ဖြစ်သည်။

ကျွန်ုပ်တို့ကမ္ဘာကြီးတွင် လျှို့ဝှက်ဆန်းကြယ်မှုများဖြင့် ပြည့်နှက်နေသည့် ပင်လယ်သမုဒ္ဒရာများရှိပြီး သမုဒ္ဒရာ၏ ဂေဟစနစ်ကို အထောက်အကူပြုနေသော သန္တာကျောက်တန်းများအနက်မှ အိန္ဒိယသမုဒ္ဒရာအတွင်း Kaluoka-hina ခေါ် သမုဒ္ဒရာ၏ ကာလီနတ်ဘုရားဟု တင်စားထားသည့် သန္တာကျောက်တန်းတစ်ခုနှင့် အဆိုပါဒေသတွင် နေထိုင်ကြသော ရေသတ္တဝါများ အကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် သန္တာကျောက်တန်းများ ပျက်စီးမှုကို ဖြေရှင်းကယ်တင်နိုင်မည့်နည်းလမ်းကို လိုက်လံရှာဖွေသည့် ငါးကလေးနှစ်ကောင်၏ ရေအောက်ကမ္ဘာ စွန့်စားခန်းကိုလည်း စိတ်ဝင်စားဖွယ် ကြည့်ရှုနိုင်မည်ဖြစ်သည်။

နက္ခတ်တာရာပြခန်း (နေပြည်တော်)အား တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဖွင့်သည့်ရက်တိုင်း နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ပိတ်ရက်အဖြစ် အပတ်စဉ် တနင်္လာနေ့တိုင်း ပိတ်ထားမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ကြယ်တံခွန် "Temple 1" ကို တိုက်ခွင်းအာကာသယာဉ် "Deep Impactor" က အရှိန်အဟုန်ပြင်းစွာ ဝင်တိုက်ရာတွင် ထွက်ပေါ်လာသော ဖုန်မှုန့်ထုက နေရောင်ကို အလင်းပြန်ထွက်နေစဉ်။

❐ ကျောဖုံးမှ

ယခင်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့် ငလိုက် ဆည်ရေသောက်ဧရိယာမှ ကျန်နေသည့် ဧရိယာများကို ထပ်မံဖြည့်ဆည်းပေးဝေရန် ဖောင်းလောင် ရေလှောင်တမံကို တည်ဆောက်နေကြောင်း ကြားသိလိုက်ရသည်။ ကျွန်တော်တို့သတင်းအဖွဲ့သည် အဆိုပါ စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသဖြင့် တာဝန်ရှိသူများအား မေးမြန်းကြည့်ရာ ဖောင်းလောင် ရေလှောင်တမံစီမံကိန်းမှာ နေပြည်တော်ခရိုင် နေပြည်တော်မြို့နယ် မီးလောင်ကုန်းကျေးရွာအနီးတွင် တည်ရှိကြောင်း၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅)က တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း၊ စီမံကိန်းကာလမှာ ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိဖြစ်ကြောင်း ဦးစွာရှင်းပြသည်။

ထို့နောက် ဖောင်းလောင်ရေလှောင်တမံသို့ ကွင်းဆင်းသွားရောက်ကြရာတွင် ဦးစီးအရာရှိ ဦးသန်းနိုင်ဦး၊ ဦးဝင်းမြင့်ဦးတို့က လိုက်ပါပို့ဆောင် ရှင်းလင်းပြသပေးကြသည်။ စီမံကိန်းနယ်မြေသို့ ရောက်သောအခါ တသွင်သွင် စီးဆင်းနေသော ဖောင်းလောင်ချောင်းသည် မုန်နစ်ချောင်းနှင့် တမံတည်ဆောက်မည့် နေရာ၏အထက် လေးဖာလုံမှာ ဆုံစည်းကြသည်ကို တွေ့လိုက်ရသည်။ ဖောင်းလောင်ချောင်းမှာ ပဲခူးရိုးမမှ စီးဆင်းလာပြီး ငလိုက်ချောင်းထဲသို့ စီးဝင်နေသည့် ရေစီးအားကောင်းမွန်သော ချောင်းဖြစ်သည်။

တမံလုပ်ငန်းတွင် ရေထုတ်ပြွန်လုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးနေပြီး ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းတွင်လည်း လုပ်ငန်းအားလုံး ပြီးစီးနေသည်ကို တွေ့ခဲ့ရသည်။

ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကိုမူ ဆက်လက်၍ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိနေသည်မှာ အားရစရာပင်ဖြစ်သည်။

ဖောင်းလောင် ရေလှောင်တမံ၏ ရေဆင်းဧရိယာမှာ ၁၃ ဒသမ ၃၅ စတုရန်းမိုင် ရှိသည်။ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၅၅ လက်မရှိသည်။ နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၉၇၂၀ ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ၁၂၂၅၇ ဧကပေနှင့် ကန်ရေသေ ရေလှောင်ပမာဏ ၂၅၃၅ ဧကပေ ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်၍ တမံအမြင့် ၆၅ ပေနှင့် အလျား ပင်မတမံတွင် ၉၂၅ ပေရှိပြီး ကန်းကျောတမံအလျားပေ ၁၁၂၀ ရှိကြောင်း သိရှိရသည်။

ဆည်ရေပေးဝေမည့်ဧရိယာမှာ ဧက ၄၀၀ ဖြစ်ပြီး ဖော်ပြပါ ငလိုက်ရေလှောင်တမံ ရေဝေဒေသ၏ ကျန်ရှိသည့် အနောက်ဘက်ခြမ်းဒေသများကို ရေပေးဝေမည့် စီမံကိန်းဖြစ်ရာ အဆိုပါဒေသများတွင် စပါး၊ မြေပဲ၊ နှမ်း၊ မတ်ပဲနှင့် အခြားသီးထပ် သီးညှပ်များ စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။

ဖောင်းလောင်ဆည်ရေသည် အောင်ချမ်းသာ၊ မီးလောင်ကုန်း၊ ဇလောင်၊ ငန်းစပ် စသည့် ကျေးရွာများအတွက် စိုက်ပျိုးရေရရှိနိုင်မည်ဟု သိရသည်။

ဖောင်းလောင်ရေလှောင်တမံ တည်ဆောက် အကောင်အထည်ဖော်ခြင်းကြောင့် မိုးရေကိုသာ အားထားခဲ့ရသော လယ်မြေဧက ၄၀၀ ကို ဆည်ရေသောက်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်သဖြင့် ဒေသအတွင်းရှိ ပြည်သူများ စပါးနှင့် အခြားသီးထပ်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ဆည်တည်ဆောက်ပေးမှုကြောင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာပြီး ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခံစားရတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဖောင်းလောင်ရေလှောင်တမံ မြေဖို့လုပ်ငန်းတွင် စက်ယန္တရားကြီးများဖြင့် တည်ဆောက်နေကြစဉ်။

ခရီးသွားလုပ်ငန်းရှင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းသည် ဧပြီ ၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Asia Plaza Hotel ၌ ဒေါက်တာဦးခင်မောင် ညွန့်က "Green Tourism"နှင့် စပ် လျဉ်းသည့် အကြောင်းအရာများကို ဟောပြောမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၅၅၉၆၇၂ နှင့် ၅၅၉၆၇၃ တို့သို့ ဆက် သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိ ရသည်။ (သတင်းစဉ်)

နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်၌ ပြည်သူများ ကြည့်ရှုလေ့လာ အပန်းဖြေ အနားယူ

မတ် ၃၀ ရက် ညပိုင်းက ၂၀၀၉ ခုနှစ် (၆၄) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေ အနားယူကြစဉ်။ (အပေါ်ပုံ၊ ယာပုံနှင့် အောက်ပုံ)

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်

နေပြည်တော် မတ် ၃၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် မတ် ၂၇ ရက် မွန်းလွဲ ၂နာရီခွဲတွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မတ် ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မတ် ၂၆ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသော နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဌာနစုမှူး ဒေါ်နီလာအား ဆုပေးအပ်ချီးမြှင့်သည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနသုံးခုနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီတို့မှ အရာထမ်း သင်တန်းသား၊ သင်တန်းသူ ၃၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် အဆင့်မြင့်အုပ်ချုပ်မှု သင်တန်း အမှတ်စဉ်(၁၉) သင်တန်း ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လမ်းမီးများပြုပြင်တပ်ဆင်

ရန်ကုန် မတ် ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်း မြို့နယ်လေးထောင့်ကန်ခြောက်လမ်းသွား နိုင်လွန်ကတ္တရာလမ်းမကြီး တစ်လျှောက် ပျက်စီးနေသော လျှပ်စစ်ဓာတ်တိုင်များရှိ ဆိုဒီယံမီးလုံးများအား ယမန်နေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လမ်းမီးဌာနနှင့် သဃ်န်းကျွန်းမြို့နယ် လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်း၍ လမ်းမီးများ အမြန်ဆုံး ကောင်းမွန်ရေး တပ်ဆင်ပြုပြင်ဆောင်ရွက်ခဲ့ကြသည်ဟု သိရှိရသည်။

(ယာပုံ) (၅၀၆)

Lifeline Co.,Ltd အရောင်းကိုယ်စားလှယ်များအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၀

Lifeline Co.,Ltd က တင်သွင်းဖြန့်ချိ လျက်ရှိသည့် Slenfig (ခန္ဓာကိုယ် အလေးချိန်လျှော့ချပေးသောဆေး)ကို ထပ်ဆင့်ဖြန့်ဖြူးရောင်းချကြသော ဆေးအရောင်းကိုယ်စားလှယ်များနှင့်အရောင်းဆိုင်များအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၂၅ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင်Lifeline Co.,Ltd မှ Product Manager ဒေါက်တာ ကျော်ကျော်ဌေးက Slenfig ၏အကျိုးအာနိသင်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Lifeline Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဒေါက်တာစိန်ဝင်း၊ ဒါရိုက်တာများဖြစ်ကြသော ဒေါက်တာဆွေလှနှင့် ဒေါက်တာခင်စန်းအေးတို့က Slenfig ရောင်းအား အကောင်းဆုံး ကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များအား ကျေးဇူးတုံ့ပြန်သည့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။**(ယာပုံ)**

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာစိန်ဝင်းကကျေးဇူးတင်စကား ပြောကြားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

Slenfig(ခန္ဓာကိုယ်အလေးချိန်လျှော့ချပေးသောဆေး)ကို သုံးစွဲခြင်းဖြင့် ဦးနှောက်အတွင်းရှိ အစာတင်းတိမ်စေသော Center သို့ သက်ရောက်သည့်အတွက် ခန္ဓာကိုယ်မှ လိုအပ်သော ကယ်လိုရီပမာဏ စားရုံမျှဖြင့် သဘာဝအတိုင်းတင်းတိမ်စိတ်ကို ဖြစ်ပေါ်စေကာ ဗိုက်ပြည့်စေပြီး မကြာခဏ အစာစားချင်စိတ်ကို တားဆီးပေးသည်။ Slenfig သည် အန္တရာယ်ကင်းရှင်း၍ စိတ်ချရသော ခန္ဓာကိုယ်အလေးချိန်လျှော့ချပေးသည့် ဆေးအမျိုးအစားဖြစ်ပြီး ခါးနှင့်တင်ကို အချိုးညီစွာ ကျဆင်းစေကာ ကျစ်လျစ်သွယ်လျသော ခန္ဓာကိုယ်ကို ရရှိစေမည်ဖြစ်ကြောင်းနှင့် ခန္ဓာကိုယ်အတွင်းရှိ ဘေးအန္တရာယ်ဖြစ်စေသည့် အဆီများကို လျော့ကျစေကြောင်း၊ ထို့ပြင် အဝလွန်ခြင်း၏ နောက်ဆက်တွဲရောဂါများဖြစ်သော သွေးတိုး၊ နှလုံးနှင့် ဆီးချိုရောဂါများကိုကာကွယ်တားဆီးပေးခြင်းကြောင့် ဘဝနေထိုင်မှု အရည်အသွေးပြည့်ဝပျော်ရွှင်ကျန်းမာစွာ နေထိုင်သွားနိုင်ရန် အထောက်အကူပြုသည့် အကျိုးရလဒ်ကောင်းများ ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

Slenfig ကို အိန္ဒိယသမ္မတနိုင်ငံ Torrent Pharmaceutical Co.,Ltd. က ထုတ်လုပ်ပြီး Lifeline Co.,Ltd. ကမြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိရောင်းချလျက်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ အမှတ်(၃၉) အခန်းအမှတ်(၅) ဖုန်း-၂၂၃၁၄၄၊ ၂၂၆၈၁၂နှင့် ၂၂၀၁၆၅ တို့သို့ လက်လီလက်ကားရောင်းချလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ဘုရင့်နောင်အင်္ဂူပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၃၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ဘုရင့်နောင်အင်္ဂူပတ်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်နှင့်ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လမ်းဖြစ်မြောက်ရေးကော်မတီနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကြည်မှ ကတ္တရာထပ်ပိုးလွှာလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်ကွက်နေပြည်သူများကိုယ်စားရပ်မိရပ်ဖ ဦးသန်းဇော်ဝင်းကကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများပေးအပ်ပြီး တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးကြည်တို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(အောက်ဝဲပုံ) (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၀ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ(အပိုင်း-၃)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကိတ်မုန့်ချစ်သူ (အပိုင်း-၁၀)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မှုခ်ဦးနှင့် ခေတ်မီအဆင့်မြင့် နှစ်ထပ်လူနေဈေးဆိုင်ခန်းများဖွင့်

နေပြည်တော် မတ် ၃၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် အောင်ပင်လယ် ဆောက်လုပ်ရေးအဖွဲ့တို့ အကျိုးတူ ပူးပေါင်းဆောက်လုပ်ခဲ့သည့် အဝင်မုခ်ဦးနှင့် ခေတ်မီအဆင့်မြင့် နှစ်ထပ်လူနေ ဈေးဆိုင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ အဆိုပါ အဆောက်အအုံသစ်၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် အဆောက်အအုံသစ်ကို တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြပြီး တိုင်းမှူးက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

မတ် ၂၈ရက်က ၂၀၀၉ခုနှစ် ပဉ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အဖွင့်အမှာစကား ပြောကြားစဉ်။ (မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်)

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၃၀

ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်)၏ (၅၆)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၈ရက် နံနက်ပိုင်းက ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး အသင်းအမှုဆောင်များက မြို့နယ်အသင်း အစီရင်ခံစာများကို ဖတ်ကြားတင်သွင်း အတည်ပြုကြပြီး အမှုဆောင်သစ်ကို ရွေးချယ်တင်မြှောက်သည်။

ထို့နောက် အသက်(၇၅)နှစ်အထက် သက်ကြီး ဘိုးဘွားများအား ပူဇော် ကန်တော့ကြကာ အသင်းဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး**(အောက်ပုံ)**၊ ဘဏ္ဍာရေးမှူး ဒေါ်ခွဲ့ရီနှင့်အမှုဆောင်များက ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၃၀

ယနေ့ နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ။ ။ မင်းဘူးမြို့တွင် ၄၂ဒီဂရီ စင်တီဂရိတ်၊ မကွေးမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီနှင့် အောင်လံမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ် တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ခန္တီးမြို့တွင် သုညဒသမ ၁၅လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၃၁ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ
အမြင့်ဆုံးအပူချိန်
၃၈ဒသမ ၅ဒီဂရီစင်တီဂရိတ် (၁၀၁ဒီဂရီဖာရင်ဟိုက်) ၂၉-၃-၂၀၀၉

အထက(၃) ဒဂုံ (ယခင် မြို့မအမျိုးသမီးကျောင်း) အာစရိယပူဇော်ပွဲ ရန်ပုံငွေ ပျော်ပွဲရှင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၀

အထက(၃)ဒဂုံမှ အငြိမ်းစား ဆရာမကြီးများအား အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ရန်ပုံငွေ ပျော်ပွဲရှင်ပွဲကို ဧပြီ ၁ ရက် မွန်းလွဲ ၂နာရီမှစ၍ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း(မြတ်မွန်ရတနာခန်းမ) အမှတ်-၆၈ စကားဝါလမ်း ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ပြီး Ghost Rider တေးဂီတအဖွဲ့နှင့်အတူ နာမည်ကျော် တေးသံရှင်များ၏ ဖျော်ဖြေမှုကို ညနေ ၆နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် တေးဂီတ ဖျော်ဖြေပွဲနှင့် အစားအသောက်လက်မှတ်များကို ကျောင်းသူဟောင်းများဖြစ်သော မခင်ချမ်းသာ ဖုန်း-၀၁-၅၄၅၆၉၁၊ မဌေးဌေးခိုင် ဖုန်း - ၀၉-၉၉၂၇၀၂၁၊ မအေးစုလှိုင် ဖုန်း - ၀၁-၂၁၁၆၃၉၊ ဒေါက်တာခင်ခင်ထား ဖုန်း-၀၉၅၀၁၄၉၃၃၊ မဥမ္မာမြင့် ဖုန်း-၀၉၅၁၂၁၅၃၈၊ မနမ့်ဝတ်ရည် ဖုန်း-၀၁-၅၁၀၀၅၄နှင့် မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း(မြတ်မွန်ရတနာခန်းမ) ဖုန်း-၀၁-၂၅၀၁၅၃ တို့သို့ ဆက်သွယ်ဝယ်ယူလှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်ပွဲစဉ်များ အင်္ဂလန်နှင့် ယူကရိန်း ဝင်ဘလေကွင်း၌ ကစားမည်

၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲများကို ပြီးခဲ့သည့် စနေနေ့က ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ဧပြီ ၁ရက်(ဗုဒ္ဓဟူးနေ့)တွင်လည်း ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ဥရောပဇုန်မှာရှိတဲ့ အုပ်စု ကိုးအုပ်စုလုံး ယှဉ်ပြိုင်ကစားကြမှာ ဖြစ်တာကြောင့် အုပ်စုတစ်အုပ်စုမှ တစ်ပွဲစီသာ ရွေးချယ်ဖော်ပြလိုက်ရပါတယ်။

အုပ်စု(က)

ဒိန်းမတ်-အယ်လ်ဘေးနီးယား ။ ။ အိမ်ရှင် ဒိန်းမတ်ဟာ လေးပွဲကစားအပြီးမှာ သုံးပွဲနိုင်ပြီး တစ်ပွဲသရေကျထားကာ ရမှတ် ၁၀ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေပါတယ်။ အယ်လ်ဘေးနီးယားကတော့ ခြောက်ပွဲကစားအပြီး တစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့ နှစ်ပွဲရှုံးထားကာ ခြောက်မှတ်ရရှိထားပါတယ်။ ဒီနှစ်သင်းရဲ့ ခြေစွမ်းဟာ ကွာဟမှုရှိသလို ဒိန်းမတ်ဟာ အိမ်ကွင်းခြေစွာတဲ့ အသင်းဖြစ်တာကြောင့် အိမ်ရှင်ရဲ့ အနိုင်ကို သံသယရှိစရာ လိုမယ်မထင်ပါဘူး။

အုပ်စု(ခ)

ဆွစ်ဇာလန်-မော်ဒိုဗာ ။ ။ ကမ္ဘာ့အဆင့် (၂၂)ရှိတဲ့ ဆွစ်ဇာလန်ဟာ ငါးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံးကာ ရမှတ် ၁၀ မှတ်နဲ့ ဦးဆောင်နေပါတယ်။ မော်ဒိုဗာကတော့ ငါးပွဲမှာ တစ်ပွဲသရေနဲ့ လေးပွဲရှုံးထားကာ နိုင်ပွဲမရှိသေးတဲ့ အသင်းပါ။ ပြီးခဲ့တဲ့ စနေနေ့က ဒီနှစ်သင်း မော်ဒိုဗာကွင်းမှာဆုံတွေ့ခဲ့ရာ ဆွစ်ဇာလန်က နှစ်ဂိုးပြတ်နဲ့ ပူပူနွေးနွေးအနိုင်ရရှိထားပါတယ်။ ဒါကြောင့် ယခု ဆွစ်ဇာလန်ကွင်းမှာ ဧည့်သည်တို့ ဂိုးပြတ်မရှုံးအောင်ဘဲ ဂရုစိုက်ရဖို့ ရှိနေပါတယ်။

အုပ်စု(ဂ)

မြောက်အိုင်ယာလန်-ဆလိုဗေးနီးယား ။ ။ မြောက်အိုင်ယာလန်က ခြောက်ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးထားကာ ရမှတ် ၁၀မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေပါတယ်။ ဆလိုဗေးနီးယားကတော့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံးထားကာ စတုတ္ထအဆင့်ကို ရောက်နေပါတယ်။ ဒီနှစ်သင်းရဲ့ခြေစွမ်းဟာ ကွာဟမှုသိပ်မရှိပေမယ့် အိမ်ကွင်းအားသာချက်ရှိတဲ့ မြောက်အိုင်ယာလန် အနည်းငယ် အလေးသာတဲ့ပွဲလို့ ဆိုချင်ပါတယ်။

အုပ်စု(ဃ)

ဝေးလ်-ဂျာမနီ ။ ။ ပြီးခဲ့တဲ့စနေနေ့က ဖင်လန်ကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တဲ့ ဝေးလ်ဟာ ငါးပွဲကစားပြီးမှာ နှစ်ပွဲနိုင်ပြီး သုံးပွဲရှုံးထားပါတယ်။ ဇယားထိပ်က ဂျာမနီကတော့ ရှုံးပွဲမရှိသေးဘဲ ငါးပွဲမှာလေးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ၁၃ မှတ် ရရှိထားပါတယ်။ ဂျာမနီမှာ ကလိုဆေးမပါဝင်နိုင်ပေမယ့် ဂိုမက်ဇ်၊ ပိုဒေါစကီး နဲ့ ရှဝိန်းစတိုင်ဂါတို့ ခြေစွမ်းပြနေတာကြောင့် အဝေးကွင်းဖြစ်ပေမယ့် ဝေးလ်ကို အနိုင်ယူပြီးသုံးမှတ် အပြည့် ရယူသွားဦးမှာပါ။

အုပ်စု (င)

တူရကီ-စပိန် ။ ။ တူရကီဟာ ငါးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံးကာ ရမှတ်ရှစ်မှတ်နဲ့ တတိယနေရာမှာ ရှိနေပါတယ်။ ကမ္ဘာ့အဆင့်(၁)ဖြစ်တဲ့ စပိန်ကတော့ ခြေစစ်ပွဲတစ်လျှောက်လုံး ခြေစွမ်းပြကာ ငါးပွဲကစားရာမှာ ငါးပွဲလုံး အနိုင်ရရှိထားပြီး ဇယားထိပ်မှာဦးဆောင်နေပါတယ်။ တူရကီဟာ အိမ်ကွင်းအားသာချက်တစ်ခုတည်းနဲ့ တောရက်စ်၊ ဗီလာ၊ ဇာဗီနဲ့ အလွန်ဆိုတို့ကို အံတုဖို့ဆိုတာ လွယ်မယ်မထင်ပါဘူး။ စပိန် နိုင်ပွဲဆက်ဦးမှာပါ။

အုပ်စု (စ)

အင်္ဂလန်-ယူကရိန်း ။ ။ ကာပယ်လို ကိုင်တွယ်နေတဲ့ အင်္ဂလန်ဟာ ခြေစစ်ပွဲများမှာ ရှုံးပွဲမရှိသေးဘဲ လေးပွဲကစား လေးပွဲလုံး အနိုင်ရရှိထားကာ ဇယားထိပ်မှာ ဦးဆောင်နေပါတယ်။ ယူကရိန်းကတော့ သုံးပွဲသာ ကစားထားရသေးပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ တတိယနေရာမှာ ရှိနေပါတယ်။ ယူကရိန်းတိုက်စစ်မှာ ရှက်ချင်ကိုနဲ့ ဗိုရိုနင်တို့ရှိနေပေမယ့် ယခုကစားရမှာက အင်္ဂလန်ရဲ့ဝင်ဘလေကွင်း ဖြစ်နေတာကြောင့် ယူကရိန်းတို့ အမှတ်ဗလာနဲ့ အိမ်ပြန်ရမှာပါ။

အုပ်စု(ဆ)

ပြင်သစ်-လစ်သူယေးနီးယား ။ ။ ပြီးခဲ့သောစနေနေ့က ဒီနှစ်သင်း ပထမအကျော့ပွဲစဉ်အဖြစ် လစ်သူယေးနီးယားကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်က တစ်ဂိုး-ဂိုးမရှိနဲ့ ကပ်နိုင်ခဲ့ပါတယ်။ တတိယနေရာက ပြင်သစ်မှာ ဟင်နရီ၊ အနယ်လ်ကာ၊ ဘန်ဇီမာ၊ ရီဘာရီ၊ နာဆရီနဲ့ ဒီယာဘီတို့လို ကစားသမားကောင်းတွေ ရှိနေတာကြောင့် အိမ်ကွင်းမှာဒုတိယနေရာကလစ်သူယေးနီးယားကို ထပ်မံအနိုင်ယူသွားဦးမှာပါ။

အုပ်စု(ဇ)

အီတလီ-အိုင်ယာလန် ။ ။ကမ္ဘာ့အဆင့်(၄)အီတလီဟာ ငါးပွဲကစားအပြီးမှာ လေးပွဲနိုင်ပြီး တစ်ပွဲသရေကျထားကာ ၁၃မှတ်နဲ့ ဦးဆောင်နေပါတယ်။ ရော်ဘီကိန်း ဦးဆောင်တဲ့ အိုင်ယာလန်ကတော့ ၁၁မှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အီတလီ လူမစုံပေမယ့် အိမ်ကွင်းမှာ အိုင်ယာလန်ကိုတော့ မရှုံးလောက်ပါဘူး။

အုပ်စု(ဈ)

နယ်သာလန်-မက်ဆီဒိုးနီးယား ။ ။ ခြေစစ်ပွဲတစ်လျှောက် ရှုံးပွဲမရှိသေးတဲ့ နယ်သာလန်ဟာ လေးပွဲကစား လေးပွဲလုံးအနိုင်ရထားပြီး ၁၂မှတ်နဲ့ ဦးဆောင်နေပါတယ်။ မက်ဆီဒိုးနီးယားကတော့ သုံးပွဲကစားရာမှာ တစ်ပွဲသာအနိုင်ရရှိပြီး နှစ်ပွဲရှုံးကာ စတုတ္ထနေရာမှာရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ခြေစွမ်းဟာ ကွာဟမှု များလွန်းတာကြောင့် အိမ်ရှင်တို့ နိုင်ပွဲဆက်ဦးမှာပါ။

ဝင်းတင်(ကြေးမုံ)

မျိုးပွားကျန်းမာရေး-သိလိုရာမေး
ဖုန်း-၀၁-၃၇၅၅၆၅
ရုံးဖွင့်ရက်များ(နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ)
ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

နေပြည်တော်မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့- နံနက်+နေ့လယ်+ည) (၁-၄-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး + နှုတ်ခွန်းဆက်၊ နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅ တရားတော် (အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်) (ဓမ္မပူဇာတေးပဒေသာ)
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏

၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်
၁၂း၀၀ တေးပဒေသာ စံတော်ချိန်
၁၂း၁၀ နိုင်ငံတကာအနုပညာ(၄၂) နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (အသက်ထက်အလွန်)
၁၂း၄၅ တေးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။

၄း၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀ ဆောင်းပါး (တောင်းပန်စကားဆိုခြင်း)
၄း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ကြက်သားကာလသားချက်နဲ့ ခွေးတောက်ရွက်ဟင်းချို)
၅း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ တေးပဒေသာ
၅း၄၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (စာပေထဲကချစ်စကား မုန်းစကား)
၆း၀၀ ညနေခင်းသတင်း
၆း၀၅ ညနေခင်းတေးပဒေသာ
၆း၂၀ ကျေးလက်ဇာတ်လမ်း (ဆယ်နေမကဲပါ)
၆း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀ နိုင်ငံတကာသတင်း
၇း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၇း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဝေဠုကျော်)
၇း၃၀ ဝတ္ထုတိုခံစားမှု (သကြၤန်မင်းသား)
၈း၀၀ ပြည်တွင်းသတင်း
၈း၃၀ တေးပဒေသာ
၈း၅၀ စီးပွားရေးဦးတည်ချက် ကျန်းမာရေးရာသိကောင်းစရာ (ကြွက်မှတစ်ဆင့် လူကိုကူးစက်တတ်သော အသည်းရောင် အသားဝါရောဂါ)
၉း၀၀ ခံစားနားဆင်မြန်မာတေးဂန္ထဝင် လူမှုရေးဦးတည်ချက်
၉း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။

နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများစွာပေးစွမ်းနိုင်သော နက္ခတ်တာရာပြခန်း(နေပြည်တော်) ပြည်သူများ အပန်းဖြေအနားယူရင်း စိတ်ဝင်စားဖွယ်များ ခံစားတွေ့မြင်နိုင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်အား ခေတ်မီအဆောက်အအုံများ၊ လမ်းတံတားများ၊ လေယာဉ်ကွင်းနှင့် အဆင့်မြင့် ဟိုတယ်ဇုန်များ၊ တည်းခိုဆောင်ဧည့်ရိပ်သာများ၊ အဆင့်မြင့်ဈေးကြီးများ၊ ကျောင်းများ၊ ဆေးရုံကြီးများ၊ အားကစားကွင်းများအပြင် အများပြည်သူ အပန်းဖြေ အနားယူရင်း ဗဟုသုတရှာမှီးနိုင်ရန်အတွက် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ ပရဆေးဥယျာဉ်နှင့် ပန်းဥယျာဉ်ကြီးများသာမက ကလေးကစားကွင်းများကိုပါ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

ပြည်သူများနှင့် ကျောင်းသားလူငယ်များအား နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရေး ပညာပေးအပန်းဖြေ ဖျော်ဖြေရေးအစီအစဉ်အတွက် နက္ခတ်တာရာပြခန်း (နေပြည်တော်)အား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် သစ်တောရေးရာဝန်ကြီးဌာနကဦးဆောင်ကာ စီစဉ်တည်ဆောက်ခဲ့ရာ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၉ ခုနှစ် မတ် ၂၆ ရက်တွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) နှစ်ပတ်လည်နေ့ အခမ်းအနားနှင့်အတူ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

နက္ခတ်တာရာပြခန်း (နေပြည်တော်) သည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ဝင်းအတွင်း တစ်ဆက်တစ်စပ်တည်း တည်ဆောက်ထားရှိသဖြင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်အပန်းဖြေလည်ပတ်ကြည့်ရှုရင်း နက္ခတ်တာရာပြခန်း (နေပြည်တော်) အတွင်း နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများစွာကို ပေးစွမ်းနိုင်သော ဂြိုဟ်၊ လ၊ ကမ္ဘာတို့ အကြောင်းများအပြင် ကျွန်ုပ်တို့နေထိုင်ရာ စကြဝဠာကြီးအတွင်းရှိ ထူးခြားဆန်းပြားလှပသော အရာများ အကြောင်းကိုပါ အံ့မခန်းတွေ့မြင်နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

သတင်းဆောင်းပါး-လှရွှေ(ကေတုမတီ)
ဓာတ်ပုံ-မောင်မောင်သန့်

နက္ခတ်တာရာပြခန်း (နေပြည်တော်)

နက္ခတ်တာရာ ပြခန်း (နေပြည်တော်) အား ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရစဉ်။

ယနေ့ နိုင်ငံတကာသတင်းအညွှန်း

အိန္ဒိယက အသံထက်မြန်သော ဘရာမို့စ် ဒုံးကျည် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

(သတင်း) **စာမျက်နှာ ၄**

အမေရိကန် အလက်စကာမှ ရီဒေါက်မီးတောင် ထပ်မံပေါက်ကွဲ

(သတင်း) **စာမျက်နှာ ၅**

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များ တွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင်ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ဖောင်းလောင်းရေလှောင်တမံစီမံကိန်းမှ ရေထိန်းချုပ်ခန်းနှင့် ရေထုတ်မြောင်းလုပ်ငန်းပြီးစီးမှုမြင်ကွင်း။

မိုးရေကိုသာအားထားခဲ့ရသည့် နေပြည်တော်ခရိုင်အတွင်းရှိ စိုက်ပျိုးမြေများအား ဖောင်းလောင်းရေလှောင်တမံစီမံကိန်းဖြင့် စိုက်ပျိုးရေပေးဝေမည်

နိုင်ငံတော်အစိုးရသည် သီးနှံစိုက်စွမ်းအား တိုးပွားလာရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေလှောင်တမံ စီမံကိန်းများကို အသေးစား၊ အလတ်စား သတ်မှတ်ခဲ့ခြား၍ နိုင်ငံတစ်ဝန်းတွင် ဖြန့်ကြက်တည်ဆောက် အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ယင်းသို့ အကောင်အထည်ဖော်ပေးလျက်ရှိသည့်အနက် နေပြည်တော် ခရိုင်အတွင်း စပါးနှင့်သီးနှံများ ပိုမိုထွက်ရှိနိုင်ရေးအတွက်

စာမျက်နှာ ၉ ကော်လံ ၁ သို့

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ခင်မောင်သန်း(စက်မှု)